မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၇၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာတာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာတာနိုင်ငံအကြီးအကဲ ရှိတ် ဟာမတ် ဘင် ခါလီဖာ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကာတာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဟာမတ် ဘင် ယာဆင် ဘင် ဂျာဘီ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကလေးဝအောက်ပိုင်း ချင်းတွင်းမြစ်တစ်လျှောက် ရေကြီးမှုကိုလျှော့ချနိုင်ကာ လယ်မြေဧက ၅၀၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့် မဏိပူရရေလှောင်တမံစီမံကိန်း

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကိုတွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၁၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက မြစ်သာရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စီမံကိန်းအတွင်းရှိ ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ■

ကရင်ပြည်နယ်မှ စားဖိုဆောင်သီးနှံများနှင့် တောင်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုများ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-သတင်းထောက် တင်ဝင်းလှိုင်(ကော့ကရိတ်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ကော့ကရိတ် ဒီဇင်ဘာ ၁၇ (ဖက်စ်)

ကရင်ပြည်နယ်သည် ရေမြေဒေသ သဘာဝအရ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ် ပတ်သက်နေသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးရောင်းဝယ်ဖောက်ကားရာတွင် စားဖိုဆောင်သီးနှံများအထိ ပါဝင်လာသဖြင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြည်နယ်အတွင်း စားဖိုဆောင်သီးနှံ စိုက်ပျိုးဖူလုံစေရေးနှင့် ပြည်ပပို့ကုန်အထိ စိုက်ပျိုးထုတ်လုပ်ရန် ညွှန်ပြပေးခဲ့သည်။

စိုက်ပျိုးထုတ်လုပ်

အဆိုပါစီစဉ်ညွှန်ပြမှုနှင့်အညီ ဘားအံခရိုင် ထုံးအိုင်၊ မကျီးကျွန်း၊ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့တွင် စားဖိုဆောင်သီးနှံ၊ စားသုံးသီးနှံများကို *စာမျက်နှာ ၉ ကော်လံ ၁* ✻

Sun Tree ကုမ္ပဏီမှ မြဝတီခရိုင် သင်္ကန်းညိုနောင်ကျေးရွာရှိ စားဖိုဆောင်သီးနှံစိုက်ခင်း ဧက၅၀အတွက် ဤသို့စက်ယန္တရားများအသုံးပြု၍ ထွန်ယက်နေကြသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်)

ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် အောင်မြင်ရေး ဒေသခံတောင်သူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ခေတ်မီလယ်ယာစိုက်ပျိုးရေး(စံပြလယ်ယာစနစ်)သို့ ဒီဇင်ဘာလ ၁၆ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းသည် ဒေသခံတောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သော စံပြလယ်ယာစနစ် ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအတွက် အခြေခံကျသည့် ရေ၊ မြေ သဘာဝအခြေခံကောင်းများနှင့် ပြည့်စုံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏လူဦးရေအများစုသည်လည်း စိုက်ပျိုးရေးကို အဓိကအားပြုလျက် အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် မြေယာစနစ်များဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိခြင်း၊ အထွက်နှုန်းတိုးရေး၊ ထွက်ကုန်အရည်အသွေးမြင့်မားရေးတို့အတွက် နည်းလမ်းများ ရှာဖွေဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က "စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အထွက်နှုန်းတိုးတက်ရေး၊ ပြည်ပဈေးကွက်နှင့် အရည်အသွေးကောင်းမွန်ရေးကို ဦးတည်ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့် မျိုးများဖြင့် အစားထိုးပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများဖြင့် ပေါင်းစပ်မည်ဆိုပါက ထွက်ကုန်ပစ္စည်းများ အရည်အသွေးမီ ဈေးကောင်းရရှိလာမည်ဖြစ်ကြောင်း" မှာကြားခဲ့သည်။

စံပြစိုက်ပျိုးရေးအထူးဇုန်အတွက် ယန္တရားနှင့်စက်ပစ္စည်းကိရိယာများ စုဆောင်းထားရှိပြီးဖြစ်သည့်အပြင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ မြေယာကွက် ဖော်ထုတ်မှုလုပ်ငန်းများလည်း ပြီးစီးနေပြီဖြစ်သည်။

စိုက်ပျိုးရေးအထူးဇုန်များတွင် နွေစပါးများစိုက်ပျိုးပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်ရန် အစီအမံများလည်း ချမှတ်ပြီးဖြစ်ပေသည်။ စိုက်ပျိုးရေးထွက်ကုန်များကို မျှော်မှန်းချက်များနှင့်အညီ ပြည့်မီစွာထုတ်လုပ်နိုင်ရန် ဒေသခံတောင်သူများ၊ လုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ ဒေသခံတောင်သူလယ်သမားများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နှစ်ဦးနှစ်ဖက်ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်)လုပ်ငန်းများ အောင်မြင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာရုံးများ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ် (ပြည်နယ်ရုံးခွဲ)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မြန်မာ့အာမခံလုပ်ငန်းပြည်နယ်ရုံး၊ ပင်စင်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် အကောက်ခွန်ဦးစီးဌာန မြစ်ကြီးနားမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဒီဇင်ဘာ ၁၄ရက်တွင် မိုးကောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၊ ဒီဇင်ဘာ ၁၅ရက်တွင် မိုးညှင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈-၁၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၅)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၆)

ကတ္တရာထပ်ပိုးလွှာခင်း

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ဒီဇင်ဘာ ၆ရက်က ပေါင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ပေါင်-ထန်းပင်ချောင်ကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အမှုဆောင်အရာရှိ ဦးကျော်လှတို့က ရှင်းလင်းတင်ပြကြစဉ်။ (၁၇၆)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီက ထမ္ဗနိုင် အထက်တန်းကျောင်းခွဲအတွက် ကျောင်းပိုင်အဖြစ် လှူဒါန်းသည့် C.D.M.A တယ်လီဖုန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (အား/ကာ)

စာပေဗိမာန် စာမူဆုရ စာအုပ်များ ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန် စာမူဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

စာအုပ်များ

အဆိုပါစာအုပ်များမှာ မောင်နွယ်သန်း(ပြန်/ဆက်)ရေးသားသည့် ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေစာအုပ်၊ ညွန့်လှိုင်ချစ်(ဘုတလင်)ရေးသားသည့် လှပသော မနက်ဖြန်နှင့် အခြားဝတ္ထုတိုများစာအုပ်၊ ပုသိမ်အောင်သန်းဦးရေးသားသည့် မော်-၅၂၈ စာအုပ်၊ တင့်ထွန်း(ချောက်)ရေးသားသည့် ဝေနေဆဲ ရင်ထဲကကဗျာရာသီစာအုပ်၊ ပိုင့်-လှိုင်းသစ်ရေးသားသည့် အကြွေးသမားစာအုပ်၊ မြတ်မျိုးမြင့်ရေးသားသည့် အမေ့ကျေးဇူးနှင့် အခြားကလေးဝတ္ထုတိုများ စာအုပ်တို့ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါစာအုပ်များကို နေပြည်တော်၊ သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကော့မှူးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဒီဇင်ဘာ ၁၅ရက်က မွန်းတည့် ၁၂နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ထမ္ဗနိုင်ကျေးရွာ အထက်တန်းကျောင်းခွဲရှိ ရာနှုန်းပြည့် ပြင်ဆင်ပြီးစီးနေသည့် စာသင်ဆောင်များ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက ထမ္ဗနိုင်အထက်တန်းကျောင်းခွဲအတွက် ကျောင်းပိုင်အဖြစ် လှူဒါန်းသည့် C.D.M.A တယ်လီဖုန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်းအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးသည် အခြေခံကျသည့်လုပ်ငန်းဖြစ်

ကျေးလက်နေပြည်သူများ စာပေဗဟုသုတဖတ်ရှုသည့် အလေ့အကျင့်များ ပိုမိုတိုးပွားအောင် ထုထောင်

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒီဇင်ဘာ ၁၅ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အင်မထီးကျေးရွာသို့ရောက်ရှိပြီး အင်မထီးကျေးရွာ၊ ကိုင်းတွင်းကျေးရွာ၊ အင်းကန်ကျေးရွာ၊ လုပ်သားကျေးရွာ၊ ဦးနှောက်ကျေးရွာ၊ သာယာကုန်းကျေးရွာနှင့် တလိုင်းကန်ကျေးရွာ ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူ ၂၆၀၀ကျော်နှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး ပိုမိုအဆင်ပြေစေမှုအတွက် လိုအပ်သည့် စာသင်ဆောင်များပြုပြင်ရေး၊ ဆရာ ဆရာမများ လိုအပ်မှုမရှိစေရေး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများတွင် လူနာများ ပိုမိုသက်သောင့်သက်သာဖြင့် ပြုစုကုသပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ ကျေးရွာသောက်သုံးရေ ဖူလုံရေးအတွက် ရေသိုလှောင်စနစ်နှင့် ဖြန့်ဝေမှုစနစ် ညှိနှိုင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပူးပေါင်းပါဝင်

ဆက်လက်၍ ဝန်ကြီးက ကျေးလက်နေ ပြည်သူများ စာပေဗဟုသုတ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ပိုမိုရင့်ကျက်တိုးပွားလာအောင် ထုထောင်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးသည် အခြေခံကျသည့်လုပ်ငန်းဖြစ်သဖြင့် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းပါဝင်မြှင့်တင်ကြရေး၊ ပြည်သူများ ကျန်းမာရေးအသိပညာ ပိုမိုတိုးတက်ပြီး နေထိုင်မှုဘဝတွင် ကျန်းမာရေးနှင့် လျော်ညီအောင် လိုအပ်သည်များ ပြုပြင်နေထိုင်သွားရေး၊ ကျေးလက်စီးပွားရေးတွင် မွေးမြူရေးနှင့် စိုက်ပျိုးရေးကို တွဲဖက်သည့်စနစ်ကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို တစ်မိသားစုချင်းသော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း၊ ကျေးလက်နေပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်အသုံးပြုနိုင်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အင်မထီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်ပြုပြင်ရန်ငွေကျပ်နှစ်သိန်း၊ အင်းကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၊ လုပ်သားကျေးရွာ စာကြည့်တိုက်နှင့် သာယာကုန်းကျေးရွာ စာကြည့်တိုက်တို့အတွက် ငွေကျပ်တစ်သိန်းစီ စုစုပေါင်း လှူဒါန်းငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးကလှူဒါန်းသော စာအုပ်၊ စာစောင်များကို အင်မထီးကျေးရွာ စာကြည့်တိုက်၊ အင်းကန်ကျေးရွာ စာကြည့်တိုက်၊ ကိုင်းတွင်းကျေးရွာ စာကြည့်တိုက်တို့အတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် မင်းတိုင်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ဆေးပေးခန်း ငွေပဒေသာပင် စိုက်ထူထားရှိမှုနှင့် လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှု၍ ကျန်းမာရေးဝန်ထမ်းများကို အားပေးစကား ပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာန

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်းတိုင်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် အင်မထီးကျေးရွာ၌ ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထက(၁)မုံရွာ အာစရိယ ပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၈၀တို့အား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အာစရိယ ပူဇော်ပွဲသို့ ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်နိုင် ဖုန်း-၀၇၁-၂၂၇၂၂ လိုင်းခွဲ(၀၃၁)၊ ဦးမျိုးမြင့် ဖုန်း-၀၉-၂၀-၃၀၈၁၆၊ ဦးဝင်းဗိုလ် ဖုန်း-၀၇၁-၂၂၄၈၇နှင့် ဒေါ်ခင်ဆွေမြင့် (အထက်တန်းပြဆရာမ အထက-၁) ဖုန်း-၀၇၁-၂၁၂၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကာတာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ရှိတ်ဟာမတ်ဘင် ယာဆင်ဘင် ဂျာဘီ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

စုပေါင်း ကာကွယ် မီးအန္တရာယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဉာဏ်စဉ်ရှင်းတမ်း** တရားတော် မဏိရတနာဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ
၇:၅၅-၁:၅၅	အညာဒေသ စပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြိုးရှာလျှပ်စစ်မြစ်ရေတင် စီမံကိန်း
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	7th December 2008 Mandalay Hill Resort Hotel တွင် ကျင်းပခဲ့သော Mandalay FM Radio Station မိတ်ဆက်ပွဲအခမ်းအနား
၈:၅၀-၂:၅၀	Activities in the City (အနန္တမေတ္တာမြတ်ဆရာနှင့် အာရုရေကြောင်းပညာ တက္ကသိုလ်)
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ပြည်တွင်းအနုပညာရေးရာ
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ (အပိုင်း-၂) (ပါမောက္ခဒေါက်တာ ဦးနေဝင်း)
၁၀:၂၀-၄:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (မန္တလေးညှပ်ခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲအပြားသုပ် ပြုလုပ်နည်း)
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	**အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ် မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **'စက္ကူငှက်'**
၁၂:၁၅-၆:၁၅	Yangon Panorama (မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း MWEA ၏ အသင်းဝင်များနေ့ အခမ်းအနား)
၁၂:၃၀-၆:၃၀	သီးနှံစိုက်ပျိုးအထွက်တိုး **မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ**
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာချိုချိုမြင့်နှင့် တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV- 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Toyota Cup ဘောလုံးပွဲစဉ်များ

နေ့လယ်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၅၅	Al Ahly-Adelaide United	Star Sports (Live)
ညနေ	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၄:၅၅	Gamba Osaka-Manchester United	Star Sports (Live)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်၌ တိမ်အသင့်အတင့် ဖြစ်ထွန်း

ရန်ကုန် ဒီဇင်ဘာ ၁၇

ဒီဇင်ဘာ ၁၈ ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။

ဒီဇင်ဘာ ၁၈ ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

သာယာနေ

ဒီဇင်ဘာ ၁၇ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာနေသည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အီရတ်တစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှု ပိုဖြစ်ပွားလာ အမေရိကန်သမ္မတဘုရှ်အလည်ရောက်ပြီး နောက်နေ့တွင်ဖြစ်ခဲ့ဟုဆို

မိုဆူးလ် ဒီဇင်ဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ် သွားရောက်လည်ပတ်ပြီးနောက် ဒီဇင်ဘာ ၁၅ရက်က အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးမှုများပို၍ ဖြစ်ပေါ်ခဲ့ကြောင်း ဒီဇင်ဘာ ၁၆ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်သည် ဒီဇင်ဘာ ၁၄ ရက်က ၎င်း၏ နောက်ဆုံး နှုတ်ဆက်ခရီးအဖြစ် အီရတ်သို့ သွားရောက်လည်ပတ်ပြီး နောက်တစ်နေ့ဖြစ်သည့် ဒီဇင်ဘာ ၁၅ရက်တွင် ရာမာဒီမြို့ရှိ မိသားစုဝင်ခုနစ်ဦးပါဝင်သော မိသားစုတစ်စုသည် ၎င်းတို့၏ နေအိမ်တွင် သေနတ်သမားများ၏ ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့သဖြင့် ယင်းနေ့တွင် အီရတ်၌လူအများအပြား သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တုံ့ပြန်တိုက်ခိုက်

အီရတ်နိုင်ငံ ဆီးရီးယားနယ်စပ်ရှိ ဆင်ဂျာမြို့တွင် လက်နက်ကိုင်လူတစ်စု၏ ပစ်ခတ်မှုကြောင့်အမျိုးသားလေးဦးနှင့်အမျိုးသမီး သုံးဦးသေဆုံးခဲ့ကြောင်း၊ သို့သော်လည်း ယင်းမြို့တော်ဝန်က တိုက်ခိုက်သူမှာ တစ်ဦးတည်းသာဖြစ်ပြီး လူမျိုးနွယ်စုဆိုင်ရာ တုံ့ပြန်တိုက်ခိုက်မှုဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း နာဆီဝပ်ဆလမ်အရပ်**(အပေါ်ယာပုံ)**တွင် အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး ရဲတပ်သားများနှင့် တပ်ဖွဲ့ဝင် ၁၀ဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန် စစ်ဘက်က သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းနေ့စောစောပိုင်းက မြို့တော်၏ အနောက်ပိုင်း အဘူဂါရစ်အရပ်တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် အရပ်သား သုံးဦးသေဆုံးပြီး ၃၁ ဦးဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ခဲ့

မြို့တော်ဘဂ္ဂဒက်၏ မြောက်ဘက် ၂၅ မိုင်အကွာ တာမီယာမြို့၌ အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ စီတန်းချည်နှောင်ထားသော ခါးပတ်ကိုဝတ်ဆင်ကာ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ခဲ့သည်။

မိုဆူးလ်မြို့တောင်ဘက် မိုင် ၃၀ အကွာတွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့်အီရတ်လူမျိုးနှစ်ဦး သေဆုံးခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားခဲ့သည်။

မြို့တော်ဘဂ္ဂဒက်၏ အနောက်မြောက်ဘက် ၂၈၅ မိုင်အကွာ ဆီးရီးယားနယ်စပ်အနီးရှိ ရာဘီယက်ချ်မြို့တွင်အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ဖော် ပြောကြားခဲ့သည်။

ကျူးကျော်ဝင်ရောက်

အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အနေဖြင့် လွန်ခဲ့သောငါးနှစ်ကျော်ဖြစ်သည့် ၂၀၀၃ ခုနှစ် မတ်လက အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ကာ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အမိန့်ပေးခဲ့သည့် အချိန်မှစ၍ ယနေ့အထိ အီရတ်တွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အီရတ်နိုင်ငံငြိမ်းချမ်းရေးအတွက် တာဝန်ရှိသော ၎င်းအနေဖြင့် အလုပ်ပိုမိုလုပ်ရဦးမည်ဟု သမ္မတဘုရှ်က ဝန်ခံပြောကြားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့မှလွဲ၍ ကျန်နိုင်ငံစုံတပ်ဖွဲ့များ လာမည့်နှစ် ဇူလိုင်အကုန်၌ အားလုံးဆုတ်ခွာရန် အီရတ်တောင်းဆို

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၇

အမေရိကန်တပ်ဖွဲ့များမှလွဲ၍ ကျန်ပြည်ပနိုင်ငံစုံတပ်ဖွဲ့များအားလုံး ၂၀၀၉ ခုနှစ် ဇူလိုင်လကုန်တွင် အီရတ်မှ ဆုတ်ခွာပေးရန် အီရတ်နိုင်ငံက တောင်းဆိုခဲ့ကြောင်း ဥပဒေပြုသူ တစ်ဦးက ဒီဇင်ဘာ ၁၆ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အစိုးရအဖွဲ့သည် အမေရိကန်တပ်ဖွဲ့များမှလွဲ၍ ကျန်ပြည်ပနိုင်ငံစုံတပ်ဖွဲ့များအားလုံး ၂၀၀၉ ခုနှစ် ဇူလိုင်လကုန်တွင် အီရတ်မှ ဆုတ်ခွာပေးရေး မူကြမ်းဥပဒေကို သဘောတူညီခဲ့ကြပြီဖြစ်ကြောင်း ပါလီမန်၏ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မမ်မွမ်ဟမ်မာဒီက ဒီဇင်ဘာ ၁၆ ရက်၌ ထုတ်ပြန်ခဲ့သည်။

ယင်းမူကြမ်းသည် ဘာဆာရာမြို့တွင်တပ်ဖြန့်ချထားသော ဗြိတိသျှတပ်ဖွဲ့ဝင် ၄၁၀၀ အားလည်း အကျုံးဝင်စေမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် ၎င်း၏ တပ်ဖွဲ့ဝင်များကို ၂၀၀၉ခုနှစ် မတ်လမှစတင်ကာ အီရတ်မှရုတ်သိမ်းပြီး ဇွန်လအကုန်တွင် အပြီးသတ် ဆုတ်ခွာရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။ (အင်တာနက်)

ဘတ်စ်ကား မတော်တဆမှု အစ္စရေး၌ ဖြစ်ပွား

ဂျေရုဆလမ် ဒီဇင်ဘာ ၁၇

ရုရှား ကမ္ဘာလှည့်ခရီးသည်များ စီးနင်းလိုက်ပါလာသည့် ကားတစ်စီးသည် ဒီဇင်ဘာ ၁၆ရက်က အစ္စရေးနိုင်ငံ နီဂက်ဗ်သဲကန္တာရအတွင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ၂၄ဦး သေဆုံးပြီး ၂၈ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားသည် အစ္စရေးနိုင်ငံ အူဗားဒါးမြို့မှ မိုင် ၃၀အကွာရှိ ပင်လယ်နီကမ်းခြေ အပန်းဖြေစခန်းဖြစ်သည့် အီလက်မြို့သို့ ဦးတည်မောင်းနှင်သွားစဉ် သဲကန္တာရ ချောက်အောက်ခြေသို့ ထိုးကျ တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း နယ်စပ်ရှိ ပက်ရှဝါမြို့တွင် မော်တာဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသောကားများကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဓားစာခံလွတ်ရေး ညှိနှိုင်းပေးသူ မက္ကဆီကိုတွင် ပြန်ပေးဆွဲခံရ

မွန်တာရီ ဒီဇင်ဘာ ၁၇

လက်တင်အမေရိကနိုင်ငံများ၌ ပြန်ပေးဆွဲခံရသူများ လွတ်မြောက်အောင် စေ့စပ်ညှိနှိုင်းပေးသူ အမေရိကန်လုံခြုံရေး အကြံပေးအရာရှိ ဘာတစ္စတာအား မက္ကဆီကို သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

ပြောကြား

မက္ကဆီကိုနိုင်ငံ ကိုဟူလာပြည်နယ် ဆာတီလိုမြို့မြောက်ပိုင်းရှိ စားသောက်ဆိုင်တစ်ခုအပြင်ဘက်တွင် သေနတ်သမားများက ဘာတစ္စတာကို ပြီးခဲ့သည့် ဒီဇင်ဘာ ၁၀ရက်က ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု မက္ကဆီကို အာဏာပိုင်များက ပြောကြားသည်။

ကြေညာ

ဘာတစ္စတာသည် ကိုလံဘီယာသူပုန်များ ပြန်ပေးဆွဲသွားသည့် ဓားစာခံများ လွတ်မြောက်အောင် စေ့စပ်ဆောင်ရွက်ပေးနိုင်သူ ဖြစ်သည်။ ယင်းကိစ္စကို မက္ကဆီကိုစီးတီးရှိ အမေရိကန်သံရုံးက စုံစမ်းနေသည်ဟု ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပျက်စီးသွားသောစားသောက်ဆိုင်

အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနီး စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော စားသောက်ဆိုင်ကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ အာဖဂန်နစ္စတန်နှင့် အီရန်နယ်စပ်တွင် အပြန်အလှန်ပစ်ခတ်

တီဟီရန် ဒီဇင်ဘာ ၁၇

အီရန်နိုင်ငံအနောက်တောင်ပိုင်းနယ်စပ်ဒေသတွင် ဒီဇင်ဘာ၁၅ရက်က ရဲတပ်ဖွဲ့ဝင်များနှင့်စစ်သွေးကြွများအကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် ရဲအရာရှိတစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၆ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရန်ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ရက်ညပိုင်းက အီရန်နှင့်အာဖဂန်နစ္စတန် နယ်စပ်ရှိ ဘလူချစ္စတန်ပြည်နယ် စစ္စတန်ခရိုင်ရှိ မီရ်ဂျာဗက်ချ်မြို့အနီးတွင် စစ်သွေးကြွများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အီရန်ရဲတပ်ဖွဲ့ဝင်များသည် နယ်စပ်တွင် ကင်းလှည့်နေစဉ် စစ်သွေးကြွများဟု ခွဲခြားနိုင်ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း စစ်သွေးကြွများအကြား မည်မျှသေဆုံးသည်ကို သတင်းချက်ချင်း မရနိုင်သကဲ့သို့ ယင်းဖြစ်ရပ်နှင့်ပတ်သတ်ပြီး အသေးစိတ် ထပ်မံမသိရသေးဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၏မြို့တော် ကန်ဒါဟာစီးတီးတွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦး ဆေးကုသမှု ခံယူနေသည်ကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

18-12 (04).pmd 1 12/18/2008, 2:32 AM

အာကာသသိပ္ပံ

စနေဂြိုဟ်အရံလ တီတန်မျက်နှာပြင်၌ ရေခဲမီးတောင် လှုပ်ရှားမှုဖြစ်ပေါ်

စနေဂြိုဟ်၏ အရံလတစ်စင်းပေါ်၌ ရေခဲမီးတောင်တစ်ခု မကြာမီက လှုပ်ရှားခဲ့ကြောင်း စနေဂြိုဟ်လေ့လာယာဉ်ကက်စီနီမှ မြေပြင်စခန်းသို့ ပေးပို့လိုက်သော သတင်းနှင့်ဓာတ်ပုံများအရ သိရသည်။

ဓာတ်ပုံရိုက်ယူ

စနေဂြိုဟ်အနီး ဝန်းရံနေသော အရံဂြိုဟ်လများအနက် အကြီးဆုံးဖြစ်သော တီတန်လပေါ်တွင် မကြာမီရက်ပိုင်းအတွင်းက ရေခဲမီးတောင် လှုပ်ရှားမှုရှိခဲ့ကြောင်း တီတန်လ၏ မျက်နှာပြင်ပေါ်ရှိ ရေခဲတောင်တစ်ခု၏အဝမှ ချော်ရည်များ စီးထွက်ခဲ့သည်ကို ကက်စီနီလေ့လာရေးယာဉ်မှ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့သည်။

ပြောကြား

ရေခဲမီးတောင်မှနေ၍ ပထမဦးစွာ အမိုးနီးယားဓာတ်ငွေ့များ ထွက်ပေါ်ပြီးနောက် မီးလောင်ခြင်းကို အားပေးသော မီသိန်းဓာတ်ငွေ့များလည်း ထွက်ပေါ်ခဲ့ကြောင်း၊ တစ်ဖန်ထူးခြားသည့် ဓာတ်ပစ္စည်းပါဝင်နေသော ရေခဲရည်များကဲ့သို့ ချော်ရည်များလည်း စီးထွက်ခဲ့ကြောင်း နာဆာအာကာသသုတေသန ပညာရှင်များက ပြောကြားသည်။

ယုံကြည်

မီသိန်းဓာတ်ငွေ့များ ထွက်ရှိနေသဖြင့် စနေဂြိုဟ်၏ အရံလတစ်စင်းဖြစ်သော တီတန်လပေါ်၌ ရာသီဥတုပြောင်းလဲနိုင်ကြောင်း ၎င်းတို့က ယုံကြည်လျက်ရှိသည်။

(အင်တာနက်)



စနေဂြိုဟ်၏ အရံလဖြစ်သော တီတန်မျက်နှာပြင်ပေါ်၌ ရေခဲမီးတောင် လှုပ်ရှားမှု ဖြစ်ပေါ်နေသည့် မြင်ကွင်းပုံရိပ်။

အင်တာနက်ကျန်းမာရေး

သတ္တုဓာတ်ပါသော အသီးအနှံနှင့် အသားများ ဆီးအိတ်ကင်ဆာဖြစ်ပွားမှုအား ကာကွယ်ပေးနိုင်

သတ္တုဓာတ်ပါသော အသီးအနှံနှင့် အသားများသည် ဆီးအိတ်ကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနရှင်များက ထုတ်ဖော်ပြောကြားသည်။

အထောက်အကူပြု

အခွံမာသောအသီးများဖြစ်သည့် အုန်းသီးကဲ့သို့ အသီးများနှင့် ရေပျော်ငှက်များ၏ အသားများမှာ သတ္တုဓာတ်များ ပါရှိသည်ဖြစ်ရာ သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်ခန့် စားသုံးပေးခြင်းဖြင့် ဆီးအိတ်ကင်ဆာဖြစ်ပွားမှုကို အကာအကွယ်ပေးရာတွင် အထောက်အကူပြုကြောင်း သိရသည်။

ဖြစ်ပွားတတ်

ဆီးအိတ်ကင်ဆာသည် ဆေးလိပ်သောက်သော အမျိုးသားများတွင် ၃၉ရာခိုင်နှုန်းခန့် ဖြစ်ပွားတတ်ကြပြီး အမျိုးသမီးများ၌ ၃၄ရာခိုင်နှုန်းခန့် အဖြစ်များသော ရောဂါဖြစ်သည်။

လေ့လာတွေ့ရှိ

အသားနှင့်အသီးတို့တွင် ပါရှိသော သတ္တုဓာတ်သည် ဆီးအိတ်တွင် ဖြစ်ပွားနိုင်သော ကင်ဆာအဖုအကြိတ်များ မဖြစ်ပွားစေရန် တားဆီးနိုင်ပြီး ဆီးအိတ်ကင်ဆာအပြင် သည်းခြေကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်ပေးရာတွင်လည်း အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သဝန်တိုမိခဲ့လေသောအခါ....

နိုင်ငံတကာမှုခင်း

ဆာကရာမင်တိုမြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်၏ မြို့တော်ဖြစ်ပြီး လူဦးရေ ခြောက်သိန်းကျော်နေထိုင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ ဆန်ဖရန်စစ္စကို ပင်လယ်အော်အတွင်းသို့စီးဝင်သော မြစ်လက်တက်ဖြစ်သည်။ ဆာကရာမင်တိုမြစ်ကမ်းနဖူးပေါ်တွင်တည်ရှိသောမြစ်ဆိပ်ကမ်းမြို့ဖြစ်ပြီး သာယာလှပသည့် မြို့ကြီးဖြစ်သည်။

ရောက်ရှိလာကြ

အိန္ဒိယတွင် လက်ထပ်ပြီးကာစ ဇနီးမောင်နှံသည် ဆာကရာမင်တိုမြို့လေးသို့ လွန်ခဲ့သော ၂၀၀၇ခုနှစ် ဇန်နဝါရီလက ရောက်ရှိ အခြေချ နေထိုင်ခဲ့ကြသည်။ ထိုဇနီးမောင်နှံမှာ အသက် ၂၆နှစ်အရွယ်ရှိ ဂျိုးဇက်ပယ်လီ ပူရက် (ယာပုံ)နှင့် အသက်၂၃နှစ်အရွယ်ရှိ ရီရှမာဂျိမ်းစ်အမည်ရှိ အမျိုးသမီးတို့ ဖြစ်ကြသည်။ သူတို့ဇနီးမောင်နှံသည် ငယ်ရွယ်တက်ကြွသော လူငယ်ဇနီးမောင်နှံ ဖြစ်သည့်အလျောက် အလုပ်လုပ်ကာ စီးပွားရှာရန် အိန္ဒိယနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ရောက်ရှိလာကြသူများ ဖြစ်သည်။

စုဆောင်းရှာဖွေ

ဂျိုးဇက်သည် ယင်းမြို့တွင် ဝန်ချီစက်မောင်းနှင်သော အလုပ်ကို လုပ်ကိုင်ပြီး ဇနီးသည် ဂျိမ်းစ်ကမူ အိမ်တွင် စတိုးဆိုင်ငယ်တစ်ဆိုင် ဖွင့်လှစ်ရောင်းချကာ အိုးမကွာအိမ်မကွာ အလုပ်လုပ်ကိုင်ခဲ့သည်။ ယင်းမြို့ဆိပ်ကမ်းတွင် နေ့ခင်းပိုင်း၌ ဝန်ချီစက်မောင်းနှင်သူ ဂျိုးဇက်သည် ညမိုးချုပ်စ အလုပ်သိမ်းချိန်တွင် အလုပ်မှပြန်လာကာ ဇနီးသည် ဂျိမ်းစ်၏ ဈေးဆိုင်တွင် ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။ ဂျိုးဇက်သည် စီးပွားရေးကိုကြိုးစားလုပ်ကိုင်ရှာဖွေကာ ၎င်းတို့၏ အိမ်ရှိဇနီးသည် စီမံခန့်ခွဲ လုပ်ကိုင်နေသော စတိုးဆိုင်ငယ်အရင်းအနှီး တောင့်တင်းစေရေးအတွက် ငွေကြေးများကို စုဆောင်းရှာဖွေ ထည့်ဝင်ပေးခဲ့လေသည်။

အတိုးပြီး

ဂျိုးဇက် အလုပ်ကြိုးစားကာ ငွေကြေးရှာဖွေစုဆောင်းနိုင်မှုနှင့် ဇနီးသည် ဂျိမ်းစ်၏ စည်းစနစ် ရှိမှုတို့ကြောင့် သူတို့ဇနီးမောင်နှံ၏ စတိုးဆိုင်လေးမှာ ဝင်ငွေကောင်းလာကာ စတိုးဆိုင်ကြီး တစ်ဆိုင်အဖြစ်သို့ တိုးချဲ့နိုင်ခဲ့သည်။ ဂျိုးဇက်ကမူ သူ၏ ဝန်ချီစက်မောင်းနှင်သော အလုပ်ကို ဆက်လက် လုပ်ကိုင်မြဲ လုပ်ကိုင်ခဲ့သည်။ သူတို့ ဇနီးမောင်နှံ၏ ဘဝမှာလည်း သာယာချမ်းမြေ့မှု အတိပြီးနေခဲ့သည်။

အက်ကြောင်းထင်

ဂျိုးဇက်နှင့် ဂျိမ်းစ်တို့ စတိုးဆိုင်မှာလည်း လုပ်ငန်း ကြီးလာသည်နှင့်အမျှ ဆိုင်တွင် အလုပ်သမား လေးဦးကို ခန့်ထားရသည့် အဆင့်သို့ ရောက်ရှိ လာခဲ့သည်။ ထို့အပြင် အရောင်းအဝယ် လုပ်ငန်းနှင့် ပတ်သက်ပြီး သူတို့ ဇနီးမောင်နှံ၏ စတိုးဆိုင်သို့ ဝင်ထွက်သူ များပြားလာခဲ့သည်။ ထိုသည်ကပင် အိမ်ထောင်သက်တမ်း တစ်နှစ်နှင့် ခြောက်လသာ ရှိသေးသော သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်ရေးကို အက်ကြောင်း ထင်စေခဲ့သည်။

အချေအတင်ပြောဆို

ဂျိုးဇက်သည် သူ၏ အလုပ်ခွင်တွင် နေကုန်နေခန်းလုပ်ကိုင်ပြီးမှသာ အိမ်သို့ ပြန်ရသူဖြစ်သဖြင့် အိမ်ရှိ စတိုးဆိုင်ကို ဇနီးသည်နှင့်သာ မျက်နှာလွှဲထားရလေသည်။ ဇနီးသည် ဂျိမ်းစ်သည် ခင်ပွန်းအပေါ် သစ္စာရှိသည့်အပြင် အလုပ်တွင်သာ အာရုံထားသူဖြစ်သည်။ သို့သော်လည်း ဂျိုးဇက်သည် ၎င်းအိမ်၌မရှိသည့် နေ့ခင်းပိုင်းတွင် လုပ်ငန်းနှင့် ပတ်သက်သည့် အမျိုးသားများ ဝင်ထွက်သွားလာမှုကို ဘဝင်မကျဖြစ်ရာမှ အစပြုကာ ဇနီးမောင်နှံနှစ်ဦး စကားအချေအတင် ပြောဆိုရမှုများရှိလာခဲ့သည်။

ကျောခိုင်းထွက်ခွာ

ဂျိုးဇက်၏ ယောက်ျားပီပီ ဇနီးသည်အပေါ် သဝန်တိုမှုကြောင့် သူတို့ဇနီးမောင်နှံ အကြား ပြဿနာမှာ တဖြည်းဖြည်းကြီးထွားလာကာ နောက်ဆုံးတွင် အခြေအနေတင်းမာပြီး တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းနေထိုင်ကာ စကားမပြောတော့သည့် အဆင့်သို့ ရောက်ရှိခဲ့တော့သည်။ ဇနီးသည် ဂျိမ်းစ်သည် ယခုနှစ် ဇူလိုင်လလယ်ပိုင်းက ခင်ပွန်းသည် ဂျိုးဇက်အား ကျောခိုင်းစွန့်ခွာကာ အစ်ကိုဝမ်းကွဲနေထိုင်ရာ နယူးဂျာစီပြည်နယ် အရှေ့မြောက်ပိုင်းရှိ လူဦးရေသုံးသောင်းကျော် နေထိုင်သော ကလစ်ဖ်တန်မြို့ကလေးသို့ သွားရောက်နေထိုင်ခဲ့သည်။

တည်းခိုနေထိုင်

ဇနီးသည်၏ စွန့်ခွာခြင်းကိုခံခဲ့ရသော ဂျိုးဇက်သည် ဇနီးသည် မရှိသောအခါမှ နေမထိထိုင်မသာ ခံစားခဲ့ရသည်။ သို့သော်လည်း ဂျိုးဇက်အနေဖြင့် မာနခံကာ ဇနီးသည် ထွက်သွားရာသို့ လိုက်ပါခဲ့ခြင်း မရှိခဲ့ပေ။ သို့သော်လည်း သုံးလကျော်လွန်သည့် အောက်တိုဘာ အကုန်တွင်မူ ဇနီးသည် ထွက်ခွာသွားရာ နယူးဂျာစီပြည်နယ် ကလစ်ဖ်တန်မြို့သို့ လိုက်ပါသွားခဲ့သည်။ ထို့နောက် နယူးဂျာစီပြည်နယ် အရှေ့မြောက်ပိုင်းတွင်ပင် တည်ရှိကာ ကလစ်ဖ်တန်မြို့မှ မိုင်အနည်းငယ်ကွာဝေးသော လူဦးရေ၆၀၀၀၀ကျော်နေထိုင်သည့် ပတ်တာဆန်မြို့လေးရှိ မိတ်ဆွေ ဇနီးမောင်နှံ၏ နေအိမ်တွင် တည်းခိုနေထိုင်ခဲ့သည်။

ပျက်ပြယ်လုနီးပါးဖြစ်နေ

ဂျိုးဇက်သည် ဇနီးသည်နှင့် ဆက်သွယ်ပြီး ပြန်ပေါင်းထုပ်နိုင်ရန် ကြိုးပမ်းနေခဲ့သည်။ ဇနီးသည် ဂျိမ်းစ်သည် ကလစ်ဖ်တန်မြို့ ဘုရားရှိခိုးကျောင်းတွင် တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးလေ့ရှိသည်။ သူမ ဘုရားကျောင်းသို့လာတိုင်း သူမ၏ အစ်ကိုဝမ်းကွဲဆိုသူ အသက်၅၀ခန့် အမျိုးသားတစ်ဦး အမြဲတမ်းပါလာသဖြင့် အနှောင့်အယှက် ဖြစ်ရသကဲ့သို့ ဇနီးသည်ကလည်း သူ့အား နှစ်ယောက်ချင်း တွေ့ဆုံရန် အခွင့်အရေးမပေးဘဲ ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ဂျိုးဇက်သည် သူမနှင့် နှစ်ယောက်ချင်းတွေ့ပြီး ပြန်လည်ညှိနှိုင်းကာ ဇနီးမောင်နှံနှစ်ဦး ပြန်လည်ပေါင်းသင်းရေး အိပ်မက်မှာ ပျက်ပြယ်လုနီးပါး ဖြစ်နေခဲ့သည်။

သဘောတူ

နောက်ဆုံးတွင် ဂျိုးဇက်သည် ဇနီးသည်အားနာကြည်းကာ သူမ၏ အစ်ကိုဝမ်းကွဲကိုရန်သူဟုထင်မြင်ပြီး ဘုရားရှိခိုးကျောင်းလာ ပရိသတ်များအားလည်း သူတို့ဇနီးမောင်နှံ ပြန်ပေါင်းထုပ်ရေးကို အနှောင့်အယှက် ပေးနေသူများဟု ထင်မြင်လာခဲ့သည်။ ထို့ကြောင့် ယခုနှစ် နိုဝင်ဘာ ၁၆ရက် (တနင်္ဂနွေနေ့)တွင် ယင်းဘုရားရှိခိုးကျောင်းသို့သွားကာ ဇနီးသည်နှင့် သူမ၏အစ်ကိုဝမ်းကွဲ အသက် ၄၇ နှစ်ရှိ ဆီလ်ဗီပီရင်ချီရီလ်၏ ဦးခေါင်းကို သေနတ်ဖြင့်ပစ်ခတ်ပြီး ဇနီးသည်အားလည်း ပစ်သတ်ခဲ့သည်။ ကျန်ပရိသတ်များမှာ ထွက်ပြေး လွတ်မြောက်ခဲ့သည်။ ဂျိုးဇက်သည် ကလစ်ဖ်တန်မြို့မှ ၁၅မိုင်အကွာ မန်ဟက်တန်မြို့သို့ ကားငှားစီးကာ ထွက်ပြေးခဲ့ပြီး ထိုမှတစ်ဆင့် ဂျော်ဂျီယာပြည်နယ်သို့ ထွက်ပြေးသွားခဲ့သည်။

အမှုရင်ဆိုင်

ထို့နောက် အတ္တလန္တာမြို့မှ မိုင် ၄၀အကွာ မွန်ရိုးမြို့ မိုတယ်တစ်ခုတွင် တည်းခိုနေစဉ် မိုတယ်စာရေးက သူ၏ မျက်နှာကို မှတ်မိသွားသဖြင့် နိုဝင်ဘာ ၂၄ရက် နှောင်းပိုင်း၌ အဖမ်းခံခဲ့ရတော့သည်။ ၎င်းအား နိုဝင်ဘာ၆ရက်တွင် ဂျော်ဂျီယာပြည်နယ် တရားရုံး၌ အမှုရင်ဆိုင်နေရပြီး နိုဝင်ဘာ၂၆ရက်၌ ရုံးထုတ်စစ်ဆေးခဲ့ပြီး ရှေ့နေမငှားသော ဂျိုးဇက်က နယူးဂျာစီပြည်နယ် တရားရုံးသို့ ပြောင်းရွှေ့ကာ အမှုစီရင်ရေးကို သဘောတူခဲ့သည်။

ယခုဖြစ်ရပ်တွင် ဇနီးသည်အား နားဝင်လာသည်အထိ အချိန်ယူကာ စိတ်ရှည်လက်ရှည် သည်းခံစောင့်ဆိုင်းကာ ဆွေးနွေးညှိနှိုင်းခဲ့ခြင်း မရှိသူ ဂျိုးဇက်သည် သဝန်တို သတ်ဖြတ်ခဲ့မှုကြောင့် ချစ်ဇနီးနှင့် သေကွဲကွဲကာ ထောင်နန်း စံရတော့မည့် အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ရေးသားလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရန်ပုံငွေရှာပွဲ၌ ၄၇ နာရီကြာ သီဆိုဖျော်ဖြေမှု နယူးဇီလန်တေးသံရှင် ဒက်ဗီ ကမ္ဘာ့စံချိန်တင်နိုင်

ဝယ်လင်တန် ဒီဇင်ဘာ ၁၇

နယူးဇီလန်တေးသံရှင် ကာရင်ဒက်ဗီသည် အော့ကလန်မြို့တော်၌ မရပ်မနား ၄၈နာရီနီးပါး သီဆိုဖျော်ဖြေပြီးနောက် ဒီဇင်ဘာ၁၅ရက်က ကမ္ဘာ့စံချိန် တင်လိုက်သည်။

အနားယူရန်

ကျောက်ကပ်ဝေဒနာရှင် ကလေးသူငယ်များအတွက် ရန်ပုံငွေတစ်ပွေ့တစ်ပိုက်ကြီးရရှိကာ ကမ္ဘာ့အဆို စံချိန်တင်ပြီးနောက် ကောင်းစွာအိပ်စက်အနားယူရန် ကာရင် ဒက်ဗီသည် ဒီဇင်ဘာ ၁၄ ရက်က အိမ်ပြန်သွားခဲ့ပြီဟု သိရသည်။

မရပ်မနား

မီးစ်ဒက်ဗီသည် ရန်ပုံငွေရရှိရေးအတွက် အော့ကလန်မြို့တော် အရှေ့တောင်ပိုင်းရှိ ဘော့တနီတောင်းစင်တာမှ စင်မြင့်ပေါ်တွင် ဒီဇင်ဘာ၁၃ရက် နံနက်မှ စတင်သီဆိုဖျော်ဖြေကာ ၄၇နာရီ ၂၉ မိနစ်တိုင် မရပ်နားတမ်း သီဆိုဖျော်ဖြေခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်ရေးပါ....

ဘဝအမောပြေ

နာမည်ကြီးပြဇာတ်တစ်ခု တင်ဆက်ရန် ပြဇာတ်ရေးဆရာက လက်စွမ်းပြရေးသားပြီးနောက် ပြဇာတ်ဒါရိုက်တာဖြစ်သူအား ဖတ်ရှုပြင်ဆင်ရန် ပေးလိုက်လေသည်။

ဒါရိုက်တာ	။	။ ပြဇာတ်က ဖတ်လို့ကောင်းပါတယ်။
ပြဇာတ်ရေးဆရာ	။	။ လက်စွမ်းပြထားတာပါ။
ဒါရိုက်တာ	။	။ စိတ်ဝင်စားဖို့လဲကောင်းတယ်ဗျ။
ပြဇာတ်ရေးဆရာ	။	။ သေသေချာချာရေးထားတာမို့ပါ။
ဒါရိုက်တာ	။	။ တစ်ချက်လောက်တော့ ပြင်ချင်တယ်···
ပြဇာတ်ရေးဆရာ	။	။ ရပါတယ်···ပြင်ပါ···
ဒါရိုက်တာ	။	။ နိဂုံးအပိုင်းမှာ ဇာတ်လိုက်မင်းသမီးအဆိပ်သောက်သေတဲ့အစား သေနတ်နဲ့ ပစ်သတ်လိုက်တာ ပိုကောင်းမယ်ထင်တယ်။
ပြဇာတ်ရေးဆရာ	။	။ ဘာဖြစ်လို့လဲဗျာ။
ဒါရိုက်တာ	။	။ ပြဇာတ်ကြည့်ပြီး အိပ်ပျော်နေတဲ့သူတွေ နိုးသွားအောင်လို့ပါ။
ပြဇာတ်ရေးဆရာ	။	။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို လပခဇုန်(မန္တလေး)၌ ယမန်နေ့က ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(ခခ)အုပ်စု မန္တလေးမြို့ ဗထူးအားကစားကွင်း၌ တပ်မတော်(လေ)အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခခ)အုပ်စု မန္တလေးမြို့ အောင်မြေမန္တလာကွင်း၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် တစ်ဂိုးစီသရေဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ နေပြည်တော်ပျဉ်းမနား မင်္ဂလာရပ်ကွက်တွင် ကျင်းပသည့် စက်ချုပ်သင်တန်းဖွင့်ပွဲတွင် သင်တန်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ စက်ချုပ်သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စက်ချုပ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက် ၉နာရီက နေပြည်တော်ပျဉ်းမနား မင်္ဂလာရပ်ကွက်တွင် ကျင်းပသည်။ သင်တန်းဖွင့်ပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ထွေးမြင့်၊ နေပြည်တော်ပျဉ်းမနား အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်တွင်းမှုဆရာမများ၊ နှင့် သင်တန်းသူ ၃၀တို့ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးသယံဇာတ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ မော်လမြိုင်ခရိုင်အတွင်း၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

မော်လမြိုင်ခရိုင်အတွင်းရှိ ရေလုပ်သားများအား ငါးသယံဇာတ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများပြန့်ပွားစေရန် ရည်ရွယ်၍ မော်လမြိုင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင် ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်းကာ ဒီဇင်ဘာ ၇ရက်က မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးသက်ဦး**(အပေါ်ပုံ)**ကငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ ညွှန်ကြားချက်များ၊ ငါးသယံဇာတများ ပေါကြွယ်ဝစေရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ပညာပေးဟောပြောပြီး ငါးသယံဇာတပြုန်းတီးမှုမှ ကာကွယ်ရန်၊ ငါးဖမ်းနည်းစနစ်ဖြစ်သော ဘက်ထရီရှော့တိုက်နည်းဖြင့် ဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားသည့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေသည်။

ကျင်းပ

အလားတူ ပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၁၃ရက်က ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ၌ လည်းကောင်း၊ နိုဝင်ဘာ ၇ရက်က မော်လမြိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ လည်းကောင်း၊ နိုဝင်ဘာ ၁၅ရက်က မုဒုံမြို့နယ် ကင်းချောင်း ကျေးရွာအုပ်စု၌လည်းကောင်း ကျင်းပခဲ့ပြီး ဆက်လက်၍ မော်လမြိုင်ခရိုင်အတွင်း ရေလုပ်သားအများစုရှိရာ ကျေးရွာများ၌ ပညာပေးဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း စည်းဝေး

ကော့သောင်း ဒီဇင်ဘာ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်ရုံး စာကြည့်တိုက်ခန်းမတွင် နိုဝင်ဘာ ၁၈ရက် နံနက် ၁၀နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

အခမ်းအနားတွင် ကော့သောင်းခရိုင် ဦးစီးအရာရှိ ဒေါ်လှကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်ကေသီရှိန်နှင့် ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ ကရသူရိမြို့နှင့် ခမောက်ကြီးမြို့များမှ ဦးစီးမှူးများက ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ချမှတ်ထားသော လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ ဆွေးနွေးရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ဖြည့်စွက်မှာကြားသည်။ တိုင်းလက်ထောက် ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့သည် နိုဝင်ဘာ ၁၉ရက်တွင် ခမောက်ကြီးမြို့သို့လည်းကောင်း၊ နိုဝင်ဘာ ၂၁ရက်တွင် ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာသို့လည်းကောင်း သွားရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် ဒသမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲများကို ဒီဇင်ဘာ၁၁ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ တပ်မတော် ဂျူဒိုဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အတန်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ရွှေသက်က ၂၀၀၈ ခုနှစ် ဒသမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲတွင် အကောင်းဆုံးဂျူဒိုအားကစားသမားဆု ရရှိကြသော (ခ)အတန်းမှ ၅၅ကီလိုတန်းအောက် မောင်မိုးဦး(ကာကွယ်ရေးဝန်ကြီးဌာန) နှင့် ၅၇ကီလိုတန်းအောက် မနန်းခမ်းထည်(အားကစားဝန်ကြီးဌာန)၊ (က)အတန်းမှ ၇၃ကီလိုတန်းအောက် မောင်ထူးတင်ထူး (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် ၄၂ကီလိုတန်းအောက် မအိဖြိုးနိုင် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ဖြင့် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာန ဂျူဒိုအသင်း၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် လေးခုတို့ဖြင့် ဒုတိယရရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဂျူဒိုအသင်းနှင့် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် တစ်ခုတို့ဖြင့် တတိယရရှိသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဂျူဒိုအသင်းတို့အား ဆုများကိုပေးအပ်ချီးမြှင့်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်လေးခုတို့ဖြင့် ပထမရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဂျူဒိုအသင်း၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်လေးခု တို့ဖြင့် ဒုတိယရရှိသော အားကစားဝန်ကြီးဌာန ဂျူဒိုအသင်း၊ ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ဖြင့် တတိယရရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဂျူဒိုအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း အမျိုးသားပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာန ဂျူဒိုအသင်းအား တံခွန်စိုက်ဆု ချီးမြှင့်စဉ်။

(ဂျူဒိုအဖွဲ့ချုပ်)

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ရွှေတံဆိပ် ၁၀ခု၊ ငွေတံဆိပ် ၁၀ခုနှင့် ကြေးတံဆိပ် ရှစ်ခုတို့ဖြင့် အမျိုးသား၊ အမျိုးသမီး စုပေါင်း တံခွန်စိုက်ဆုရရှိသွားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဂျူဒိုအသင်းအား တံခွန်စိုက်ဆု များကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ပခုက္ကူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းက မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို ကြည့်ရှုစစ်ဆေးပြီး ပင်မစက်ရုံဝင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပြုပြင်တည်ဆောက်ပေးထားသော မြေသားကန်ပေါင်နှင့် ရေကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကိုလည်းကောင်း၊ ပခုက္ကူမြို့ ဝင်းသူဇာကိုယ်စားလှယ် အရောင်းဆိုင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ)ဝင်းအတွင်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ ၁၉၂ ဧကစိုက်ခင်းနှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(ပခုက္ကူ)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းများ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် စာရင်းဇယားမှတ်တမ်းများ စနစ်တကျပြုစုထိန်းသိမ်း မှတ်တမ်းခန်းအတွင်း သန့်ရှင်းသပ်ရပ်စေရေး စီစဉ်

နေပြည်တော် ဒီဇင်ဘာ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ ၂နာရီခွဲက ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကာ စာရင်းဇယားမှတ်တမ်းများ စနစ်တကျပြုစု ထိန်းသိမ်းထားရှိရန်၊ မှတ်တမ်းခန်းအတွင်း သန့်ရှင်းသပ်ရပ်စေရေးနှင့် မှတ်တမ်းဖိုင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စီစဉ်ဆောင်ရွက် ထားရှိရန် စသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဒီဇင်ဘာ ၁၃ရက်က ကြို့ပင်ကောက်မြို့နယ် ဦးစီးဌာနမှူးရုံးကို လည်းကောင်း၊ ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဓနုဖြူမြို့ မြို့နယ်ဦးစီးဌာနမှူးရုံးကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဓနုဖြူမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးရှိ မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် မုတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲအခမ်းအနား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနတို့ ပူးပေါင်း၍ စတုတ္ထအကြိမ် မုတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာနမှ ညွှန်ကြားရေးမှူး Mr.A.R. Subbiah နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားဇလဗေဒနှင့် မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး Dr. Nguyen Dai Khanh တို့က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စတင်ကျင်းပ

ထို့နောက် နံနက် ၁၀နာရီတွင် စတုတ္ထအကြိမ် မုတ်သုံဖိုရမ်(၂၀၀၈)ကို စတင်ကျင်းပရာ သဘာပတိအဖြစ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ဆောင်ရွက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၌ မိုးလေဝသနှင့် ရာသီဥတု ခန့်မှန်းခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်နှင့် ခန့်မှန်းရေးဆိုင်ရာ အသုံးအနှုန်းများနှင့် မသေချာမှုဖြစ်စေသော အကြောင်းအရင်းများကို တင်ပြခြင်း၊ ပြီးခဲ့သည့် ၂၀၀၈ခုနှစ် မုတ်သုံကာလအတွင်း မိုးလေဝသနှင့်ဇလ ဗေဒခန့်မှန်းချက်အခြေအနေများကို ဆန်းစစ်ခြင်း၊ ၂၀၀၉ခုနှစ် ဆောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များ ထုတ်ပြန်ခြင်း၊ မုတ်သုံကာလ ခန့်မှန်းချက်များအပေါ် ဌာနများက လုပ်ငန်းများအလိုက် အရေးယူ ဆောင်ရွက်ခဲ့မှုများ၊ ၂၀၀၉ ခုနှစ်အတွက် ထုတ်ပြန်မည့် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များအပေါ် အရေးယူ ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခြင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ မုန်တိုင်း ခန့်မှန်းခြင်းနှင့် သတိပေးချက်ထုတ်ပြန်မှု နည်းစနစ်များ ရှင်းလင်းခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များထုတ်ပြန်မှု အခြေအနေများ တင်ပြခြင်းတို့ကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် စတုတ္ထအကြိမ် မုတ်သုံဖိုရမ် (၂၀၀၈)ကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် စတုတ္ထအကြိမ် မုတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဒုတိယအကြိမ်စာအုပ်ဈေးရောင်းပွဲ စာပေမွေ့သူများဖြင့် စည်ကား

ရန်ကုန် ဒီဇင်ဘာ ၁၇

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာ ၁၂ရက်မှ ၁၈ရက်အထိ ဘိုးဘွားရိပ်သာဝင်းအတွင်း စာအုပ်အရောင်းဆိုင်များတွင် ဆက်လက်ခင်းကျင်း ပြသရောင်းချလျက်ရှိရာ ရဟန်း၊ ရှင်လူ၊ ကျောင်းသား ကျောင်းသူများ၊ စာပေမွေ့သူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

သုတ၊ ရသစာအုပ်များ၊ ဂန္ထဝင်စာအုပ်များ၊ ရှားပါးစာအုပ်များ ရောင်းချကြသည့် စာအုပ်ဆိုင်များ၊ စာပေတိုက်အသီးသီးမှ ထုတ်ဝေသည့် စာအုပ်များကို ၁၀ရာခိုင်နှုန်း၊ ၂၀ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချလျက်ရှိရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကျေးရွာစာကြည့်တိုက်များ၊ ဌာနဆိုင်ရာ စာကြည့်တိုက်များကလည်း ဝယ်ယူအားပေးလျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အရာထမ်းလောင်း အခြေခံ သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၁ဦး၊ သင်တန်းသူ ၅၂ ဦး စုစုပေါင်း ၁၀၃ဦးတို့ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူများ ၃၁-၁-၂၀၀၉အထိ တင်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၇

၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်သော်လည်း ၂၀၀၉ခုနှစ် ဇန်နဝါရီ၃၁ရက်အထိ ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်ကြောင်း သိရသည်။

ပေးပို့နိုင်

ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် တံဆိပ်ခေါင်း ကျပ်၂၀၀ (ကျပ်နှစ်ရာတိတိ) ပေးပို့ မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်းနှင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်သို့လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ကျော့ဖုံးမှ*

ဇီဝဒီဇယ်ထုတ်ယူနိုင်ကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပါမောက္ခမာနီမစ်ရာနှင့်အတူ နာရာဆမ်ဟာရာနီ၊ ဆူဆမ်တာကေမိုဟာပါထရာတို့က စမ်းသပ်သုတေသနပြုခဲ့ကြခြင်း ဖြစ်သည်။

အဆီဝေ့နေ

ကော်ဖီမှုန့်မှ ဇီဝဒီဇယ်ထုတ်ယူရရှိနိုင်မှုအသိကို ပါမောက္ခမာနီမစ်ရာက မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၄င်းကိုယ်တိုင် ထုတ်ဖော်ပြောကြားခဲ့သည်။ ပါမောက္ခမာနီမစ်ရာသည် တစ်ညှ၌ အလုပ်လုပ်ရင်း သောက်ရန် ကော်ဖီတစ်ခွက်ဖျော်ထားခဲ့ရာ အလုပ်ထဲ အာရုံရောက်ကာ ကော်ဖီသောက်ရန် မေ့သွားခဲ့သည်ဆို၏။ နောက်နေ့နံနက်၌ ခွက်အတွင်းရှိ ကော်ဖီ၏မျက်နှာပြင်တွင် အဆီများဝေ့ပြီး တက်နေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးကြည့်ခဲ့ရာမှ ဒီဇယ်များပါဝင်နေကြောင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

စမ်းသပ်ခဲ့

ထို့နောက် ပါမောက္ခမာနီမစ်ရာသည် သူ၏လုပ်ဖော်ကိုင်ဖက်များဖြစ်သော နာရာဆမ်ဟာရာနီ၊ ဆူဆမ်တာကေမိုဟာပါထရာတို့နှင့် တိုင်ပင်ဆွေးနွေးကာ ကော်ဖီစေ့များကို စုဆောင်းပြီး အမှုန့်ပြုလုပ် စမ်းသပ်ခဲ့ရာ ကော်ဖီမှုန့်မှ ဒီဇယ်ဆီကို အောင်မြင်စွာ ထုတ်ယူရရှိနိုင်ကြောင်း ခိုင်မာစွာ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အသုံးပြုနိုင်

ကော်ဖီမှုန့်မှ ထုတ်ယူရရှိသော ဒီဇယ်ကို တိုက်ရိုက်သုံးစွဲရန် အခက်အခဲအချို့ရှိသဖြင့် ယင်းဒီဇယ်ကို မူလဒီဇယ်ဆီ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့် ရောနှောအသုံးပြုလျှင် ပိုမိုကောင်းမွန်ကြောင်း၊ မူလဒီဇယ်ဆီများအတိုင်း မော်တော်ယာဉ်များ၌ ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိရသည်။

ဖြည့်ဆည်းပံ့ပိုးကူညီ

ကော်ဖီမှုန့်မှ ထုတ်လုပ်သော ဇီဝဒီဇယ်သည် တစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာခန့်ဖြင့် ရောင်းချနိုင်ကြောင်း၊ သဘာဝရေနံအရင်းအမြစ်များ လျော့နည်းလာမှုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများကျဆင်းစေရန် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ပါမောက္ခမာနီမစ်ရာက ပြောကြားသည်။

စီစဉ်ထား

လာမည့်နှစ်၌ ကော်ဖီစေ့များကို ပိုမိုစုဆောင်းပြီး ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် စက်အကြီးစားတစ်ခု၌ ဇီဝဒီဇယ်များ ထုတ်လုပ်ရန် စီစဉ်ထားသည်။ စီးပွားဖြစ် တွင်ကျယ်စွာ နိုင်ငံတကာ၌ ထုတ်ယူနိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အထောက်အကူပြုနိုင်

ကော်ဖီမှုန့်မှ ဒီဇယ်ဆီသုံးစွဲနိုင်မှု အနေအထားမှာ လက်ရှိအချိန်၌ အမေရိကန်နိုင်ငံ တစ်နှစ်တာ ဒီဇယ်ဆီသုံးစွဲမှု၏ တစ်ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိသည်။ ကော်ဖီမှုန့်မှ ဒီဇယ်ဆီထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကမ္ဘာ့လောင်စာဆီ အခက်အခဲကို ထိရောက်စွာ မဖြေရှင်းပေးနိုင်သော်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပါမောက္ခမာနီမစ်ရာက ပြောကြားသည်။

ကော်ဖီမှုန့်မှ ဇီဝဒီဇယ်ထုတ်ယူမှု အောင်မြင်ခြင်းကြောင့် အခြားစိုက်ပျိုးသီးနှံများမှ လောင်စာထုတ်ယူနိုင်ရေး တွန်းအားတစ်ရပ် ဖြစ်စေသည်ဟု ၄င်းက ဆက်လက်ပြောကြားရာ မကြာမီ တစ်ကမ္ဘာလုံး၌ ကော်ဖီမှုန့်မှ ထုတ်ယူသော ဇီဝဒီဇယ်များကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံ မြေဖို့ခြင်းလုပ်ငန်း၊ ကုန်းကျောတမံ ကျောက်စီခြင်းလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်သာ ရေလှောင်တမံကို မြစ်သာမြစ်ပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အမြင့် ၂၀၅ပေ၊ ပင်မတမံနှင့်ကုန်းကျောတမံ စုစုပေါင်းတမံအလျားပေ ၂၉၇၅၀ရှိသဖြင့် မြန်မာနိုင်ငံတွင် တမံအလျား အရှည်ဆုံးရေလှောင်တမံဖြစ်သည်။ ရေလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၃၇၇၆၀၀ ရှိပြီး ရေအားလျှပ်စစ်ကို မဂ္ဂါဝပ်၂၀ တာဘိုင် နှစ်လုံးမှ မဂ္ဂါဝပ်၄၀ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဆည်ရေသောက် ဧရိယာဧက ၁၂၀၀၀ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ မဏိပူရမြစ်ပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တည်ဆောက်လျက်ရှိသောမဏိပူရရေလှောင်တမံဘက်စုံ စီမံကိန်းသို့ရောက်ရှိကြပြီး ရေယူဥမင်(၁/၂)နှင့် ရေလွှဲဥမင်(၁/၂) အတွင်း ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မဏိပူရ ရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် တမံအလျား ၂၄၄၄ ပေ၊ အမြင့် ၅၂၇ပေ၊ ရေလှောင်ပမာဏ ဧကပေ ၁၂ဒသမ၆ သိန်း ရှိသည့် ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံတွင် တမံ အမြင့်ဆုံး ရေလှောင်တမံစီမံကိန်း ဖြစ်သည်။

ဤစီမံကိန်းမှာ ရေအားလျှပ်စစ် တပ်ဆင် ဓာတ်အား ၉၅ မဂ္ဂါဝပ် တာဘိုင် လေးလုံးမှ မဂ္ဂါဝပ်၃၈၀ဖြင့် တစ်နှစ်လျှင်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀၃သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ မြစ်သာမြစ်လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်ပေးနိုင်ပြီး ကလေးဝ အောက်ပိုင်းချင်းတွင်းမြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ကာ လယ်မြေ ဧက၅၀၀၀၀ခန့်ကိုလည်း ဆည်ရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲ၂နာရီခွဲတွင် ဂန့်ဂေါမြို့သို့ ရောက်ရှိကြ၍ ခုတင်၁၀၀ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ ဆေးရုံကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထောက်ပံ့ငွေများကိုပေးအပ်ကြသည်။

ဆွေးနွေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်အစည်းအဝေး မိတ်ဆုံညစာစားပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ၂၆ရက် ညနေ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဘူမိဗေဒမိတ်ဆွေများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နှိုးဆော်ထား

သုတေသနစာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ဒီဇင်ဘာ၂၆ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်ခရိုင်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဥက္ကဋ္ဌ)ရုံးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် ဆောင်ရွက်၍ ကျိုင်းတုံမြို့ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လူထုအသိပညာပေး စာပေဟောပြောပွဲ ကျင်းပသည်။

စာပေရေးရာ

တာချီလိတ်ခရိုင် တာချီလိတ်မြို့ အောင်မြတ် မြို့တော်ခန်းမဆောင်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကိုနိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ မြို့နယ်အတွင်းရေးမှူး တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး စာရေးဆရာအောင်စိုး(တိ /ကု)က သစ်တောသစ်ပင် ချစ်ခင်မြတ်နိုးရေး၊ စာရေးဆရာမ ခရေ (ပုလော)က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ စာရေးဆရာအယ်ဒီတာ ဇွန်မောင်မောင် **(အောက်ဝဲပုံ)** က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး လူထုအသိပညာပေး ဆက်နွယ်သော လူသားစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သစ်ပင်စိုက်ပျိုးပေး အကြောင်းအရာများ သုတ၊ ရသ စာပေရေးရာများကို ဟောပြောကြသည်။

ဆက်လက်ကျင်းပ

အလားတူ ယင်းစိုက်ပျိုးရေး လူထုအသိပညာပေး ဟောပြောပွဲများကို မန္တလေးတိုင်း မန္တလေးခရိုင် ချမ်းအေးသာစံမြို့တွင် ဒီဇင်ဘာ ၂၉ရက်၊အောင်မြေသာစံမြို့တွင် ဒီဇင်ဘာ ၃၀ရက်၊ အမရပူရမြို့တွင် ဒီဇင်ဘာ ၃၁ရက်၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့တွင် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃ရက်နှင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ ခရိုင်၊မြို့နယ်များသို့ ဇန်နဝါရီ၂၀ရက်မှ ဇွန်၂၀ရက်အထိ ဒါရိုက်တာဇွန်မောင်မောင်ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များအဖွဲ့ သွားရောက်ပြီး ပြည်နယ်အတွင်းရှိ ပြည်သူများအား ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးရေး အသိပညာပေး စာပေဟောပြောပွဲများ ဆက်လက်ကျင်းပမည်ဟု သိရသည်။ **(လယ်ယာ/ဆည်မြောင်း)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

စပိန်၌ ကိုးထပ်ဟိုတယ်ပြိုကျ လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

မက်ဒရစ် ဒီဇင်ဘာ ၁၇

စပိန်နိုင်ငံ မာလော့ကာမြို့အနီး အပန်းဖြေကျွန်းပေါ်၌ ကိုးထပ်ဟိုတယ်တစ်ခု ဒီဇင်ဘာ၁၇ရက်က ပြိုကျခဲ့ရာ လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြိုကျခဲ့

အဆိုပါ ကိုးထပ်ဟိုတယ်မှာ အခန်းပေါင်း ၁၂၅ခန်းရှိပြီး ပြန်လည်မွမ်းမံမှုများ ပြုလုပ်နေစဉ် ပြိုကျခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဆက်လက်ရှာဖွေ

သေဆုံးသူများမှာ အလုပ်သမားများဖြစ်ပြီး ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေသဖြင့် ဧည့်သည်များ တည်းခိုမှုမရှိချိန်၌ ပြိုကျသဖြင့် သေဆုံးသူဦးရေ မများခြင်းဖြစ်သည်။ ပြိုကျသည့် အပျက်အစီးများ အောက်မှ သေဆုံးသူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

"ဒီတံတားကြီး ဆောက် လိုက် တဲ့ အတွက် ယခင် လမ်း ဟောင်း မှ သွားလာခြင်းထက် လေးမိုင်ခန့် ခရီး တိုတောင်းသွားပါ တယ်"

ဦးတင်လှ
အငယ်တန်း
အင်ဂျင်နီယာ(၁)
(မြို့ပြ)
စစ်တောင်းတံတား
(မုပ္ပလင်)စီမံကိန်း။

❍ ကျောဖုံးမှ

လမ်းညွှန်ချက်

ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင်ရှိသည့် စစ်တောင်းမြစ်ကူးတံတား(သိမ်ဇရပ်)မှာ အချိန်ကာလ ကြာမြင့်လာမှုကြောင့်လည်းကောင်း၊ အစွန်းထွက်ရက်မများပေါ်တွင် မော်တော်ကားလမ်းတည်ဆောက်ထားမှုကြောင့်လည်းကောင်း၊ ကုန်တန်ချိန်များပြားသော ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် မသင့်လျော်တော့၍ စစ်တောင်းမြစ်ကူးတံတား အသစ်တစ်စင်း ထပ်မံဆောက်လုပ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စစ်တောင်းတံတား(မုပ္ပလင်)ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၆ရက်မှ စီမံကိန်းစတင်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှတည်ဆောက်ခဲ့ရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၁၂ရက်တွင် စီမံကိန်း ပြီးစီးခဲ့ကြောင်း သိရသည်။

လွယ်လင့်တကူ

စစ်တောင်းတံတား (မုပ္ပလင်)သည် ပဲခူးတိုင်း ဝေါမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တို့သို့ ကူးလူးပေါင်းစပ်ပေးထားသည်။ ချဉ်းကပ်လမ်းနှစ်ဖက်အပါအဝင် တံတားအရှည် ၂၃၈၂ဒသမ၇ပေရှိပြီး၊ ပင်မတံတားအရှည်မှာ ၁၃၆၅ပေရှိသည်။ ယာဉ်သွားလမ်း အကျယ်သည် ၂၈ပေရှိပြီး၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိသည်။ သံမဏိသံပေါင်၊ ကွန်ကရစ်၊ ကတ္တရာလမ်းခင်းထားသည်။ မော်တော်ယာဉ်ဝန်လေးယာဉ်ကို တန် ၆၀အထိ ခွင့်ပြုထားသဖြင့် ၁၀ဘီးကား၊ ၁၂ဘီးကားကြီးများ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်ကြပေပြီ။

စစ်တောင်းတံတား(မုပ္ပလင်)စီမံကိန်း အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ ဦးတင်လှအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ "စစ်တောင်းတံတား(မုပ္ပလင်)ကို ယခုလက်ရှိ တံတားဟောင်း၊ စစ်တောင်းတံတား(သိမ်ဇရပ်)၏ ရေစုန်ဘက် လေးမိုင်ခန့်အကွာအဝေး၊ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်ရှိ ဒုတိယကမ္ဘာစစ်မတိုင်မီ တည်ဆောက်ခဲ့သော စစ်တောင်းတံတားဟောင်း၏ ရေဆန်ဘက်၃၂၈ပေခန့်အကွာတွင် တံတားအုကြောင်းရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၈၁/၄)မှ စစ်တောင်းတံတား(မုပ္ပလင်)သို့လမ်းသစ်ဖောက်လုပ်ပြီး ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင်အမှတ် (၉၃/၀)တွင် ပြန်လည်ဆုံတွေ့ ဖောက်လုပ်ထားသဖြင့် ယခင်လမ်းဟောင်းမှ သွားလာရခြင်းထက် လေးမိုင်ခန့် တိုတောင်းသွား၍ အချိန်ကုန်၊ ဆီကုန်သက်သာသွားခဲ့ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

နိုင်ငံ့အင်အား

လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားဘဝ မြင့်မားလာရန် ဆောင်ရွက်နိုင်မည်ဖြစ်ရာ လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားပင် ဖြစ်ပါကြောင်း စစ်တောင်းတံတား(မုပ္ပလင်)အား ကွင်းဆင်းလေ့လာမှတ်တမ်းတင်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင်းသဘင် အခမ်းအနား တက်ရောက်ရန် နှိုးဆော်

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါအစည်းအဝေးခန်းမ၌ပင် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန်ဖြစ်သည်။

ဆက်သွယ်အကြောင်းကြား

နယ်မှဆုရရှိသူများသည် နေပြည်တော်သို့တိုက်ရိုက်လာပါက နေပြည်တော် ပျဉ်းမနားဘူတာရုံ၊ လေဆိပ်နှင့် ကားဂိတ်များတွင် ကြိုဆိုရေးအဖွဲ့များနှင့် ဆက်သွယ်ကြရန်ဖြစ်ပြီး သတင်းပို့၊ မေးမြန်းလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၀၅၊၄၁၂၃၇၄ နှင့် ၄၁၂၃၇၅ တို့သို့လည်းကောင်း၊ ရန်ကုန်မှ လိုက်ပါကြမည့် စာပေပညာရှင်များနှင့် ဆုရရှိသူများသည် စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၀၁-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၀၁-၂၄၉၂၃၀နှင့် ဌာနခွဲမှူး(စီမံ)တာဝန်ခံ ဖုန်း-၀၁-၃၈၁၄၄၉တို့သို့ ခရီးစဉ်နှင့်ပတ်သက်၍ အမြန်ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

နှိုးဆော်ထား

မိမိအစီအစဉ်နှင့် လာရောက်ကြမည့်သူများအပါအဝင် ဆုရသူများအားလုံးသည် ဒီဇင်ဘာ၂၆ရက် (သောကြာနေ့) ညနေ နောက်ဆုံးထား၍ အမှတ်(၇) တည်းခိုရေးစခန်း ရွာတော် နေပြည်တော်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

ကာကွယ်ရေးဝန်ကြီးဌာန ရုံး၊ဌာနအသီးသီးရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲသို့ အရာရှိအဆင့် ၄၅ဦး၊ အရာခံအဆင့် ၅၆ဦး၊ အကြပ်အဆင့် ၆၄ဦး၊ တပ်သားအဆင့် ၃၄ဦး စုစုပေါင်း၁၉၉ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ၁၇ဒသမ၄မိုင်တွင် စက်ယန္တရားဖြင့် ကျောက်ချခြင်း၊ သံလမ်းအတွင်း ကျောက်ဖြည့်ခြင်း ဆောင်ရွက်နေမှုများ၊ သံလမ်းမျက်နှာပြင် ညီ မညီ တိုင်းတာခြင်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဖန်ခါးပင်တွင် သံလမ်းခင်းခြင်း၊ ဇလီဖားတုံးခင်းခြင်း၊ သံလမ်းဆက်ခြင်း၊ ဇလီဖားတုံး အပေါက်ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာ့မီးရထားမှ ဝန်ထမ်းများအား ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ကျောက်ခင်းခြင်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ပွင့်(၂) ရထားလမ်းနှင့် ကားလမ်းဖြတ်ကူးမည့် နေရာတွင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဥဿျှစ်ပင်-ကံမ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက ရထားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြကာ အရှည် ၇၁၅ပေရှိ မဒေးချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကံမဘူတာ

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကံမဘူတာဆောက်လုပ်ပြီးစီးမှု၊ ဘူတာယာဒ်ဝင်းအတွင်း ရထားသံလမ်းခင်းရန် မြေသားလမ်းပြီးစီးမှုနှင့် ဘူတာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

✳ ရှေ့ဖုံးမှ

နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အညီ မြေလွတ် မြေရိုင်းများမှ

"တရားဝင် စိုက်ပျိုးထုတ်လုပ်အောင်မြင်လာမှုများကြောင့် မြေလွတ် မြေရိုင်းမကျန် စိုက်ပျိုးခွင့်တောင်းခံ စိုက်ပျိုးလာခဲ့ကြပါတယ်"

ဦးခင်လှိုင်
ကွင်းတာဝန်ခံ
မြေစာရင်းဦးစီးဌာန။

သည် တောတောင်များမကျန် စိုက်ပျိုးခွင့်တောင်းခံ စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ပြည်ပပို့ကုန်

မြဝတီခရိုင်တွင် ရွှေကုက္ကို၊ ထီးချရား၊ မဲပလဲ၊ ဝေ့ရှမ်း၊ သင်္ကန်းညီနောင်၊ မဲထော်သလေး၊ အင်ကြင်းမြိုင်၊ မင်းလက်ပန်၊ ဖလူး၊ သစ်ဘောပိုး၊ ဝါလေအထိ အမည်းရောင် နယ်မြေများတွင် မြေလွတ်မကျန် စိုက်ပျိုးခွင့်တောင်းခံ၍ ဒေသထွက် သီးနှံများကို ပြည်ပပို့ကုန်အဖြစ် အောင်မြင်စွာ စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့သည်။

အစေ့ထုတ်ပြောင်း

ယမန်နှစ်စာရင်းများအရချစ်လင်းမြိုင်ကုမ္ပဏီနှင့် မိုးသို့လင် ကုမ္ပဏီနှစ်ခုမှ ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းတန် ၁၂၀၀ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

ဝင်ငွေတိုးစေ

ကော့ကရိတ်ခရိုင် ကော့ဘိန်း၊ ကမ်းနီ၊ ကျုံဒိုး၊ တောင်ကြာအင်း၊ ရေကျော်ကြီး၊ ရေကျော်လေး၊ ကော့ကရိတ်မြို့မတို့၌လည်း စားဖိုဆောင်သီးနှံ၊ ပန်းဂေါ်ဖီ၊ ပဲတောင့်၊ ရုံးပတီသီး၊ ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီးစသည့်စားဖိုဆောင်သီးနှံများ ပြည်နယ်အတွင်း စားသုံးမှုဖူလုံအောင် ဆောင်ရွက်စိုက်ပျိုး ဝင်ငွေတိုးစေခဲ့ပေပြီ။

"လူအင်အား၊ စက်အင်အား သုံးပြီး ဂေါ်ဖီထုပ်၊ မုန်ညင်းများကိုပြည်တွင်းသာမက ပြည်ပပို့ကုန်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နေပါတယ်"

ဦးတင်မြင့်
စိုက်ကွင်းမန်နေဂျာ
Sun Tree ကုမ္ပဏီ။

စာရေးသူ မြဝတီမြို့နယ်သို့ ရောက်ရှိခိုက် မြဝတီ မြေစာရင်းဦးစီးဌာနမှ ကွင်းတာဝန်ခံ ဦးခင်လှိုင်နှင့် သင်္ကန်းညီနောင်တိုက်နယ်အတွင်း မြေဧက ၅၀တွင် စက်ယန္တရားအင်အား၊ လူအင်အားဖြင့် ပြည်ပပို့ကုန်အဖြစ် ဂေါ်ဖီထုပ်၊ မုန်ညင်းထုပ်များအား စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်နေသော Sun Tree ကုမ္ပဏီသို့ ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ကုမ္ပဏီဝန်ထမ်းဦးရေ ၂၀၊ နေ့စား ဝန်ထမ်းဦးရေ ၄၀ဖြင့် စက်များနှင့် ထွန်ယက်စိုက်ပျိုးနေကြောင်း စိုက်ကွင်းမန်နေဂျာ ဦးတင်မြင့်က ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းပေး

နေ့စားဝန်ထမ်းများကို အမျိုးသားတစ်ဦး တစ်နေ့ကျပ်၃၀၀၀နှုန်း၊ အမျိုးသမီးတစ်ဦး တစ်နေ့ ငွေကျပ် ၂၅၀၀နှုန်း ပေးချေကြောင်း၊ သို့ဖြစ်၍ ဒေသခံ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပြည်ပသို့သွားရောက်အလုပ် လုပ်ကိုင်ခြင်းများကို တားဆီးနိုင်မည်ဖြစ်ပြီး ထွက်ကုန်သီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် နိုင်ငံခြားဝင်ငွေများရရှိနိုင်သကဲ့သို့ ပြည်တွင်းစားသုံးမှုအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါကြောင်း။ ။ (မြန်မာ့အလင်း)

မြဝတီခရိုင် သင်္ကန်းညီနောင်ကျေးရွာတွင် Sun Tree ကုမ္ပဏီမှ ပျိုးလောင်အိမ်အတွင်း ပလတ်စတစ်ခွက်များဖြင့် ပျိုးထောင်ထားသော မုန်ညင်းပင်(ဈေးကွက်ဝင်) ပျိုးပင်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြုံးပျက်ဖို့ မလိုပေါင်(၂)

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနဲ့ တိုက်ရိုက်ပတ်သက်ထိခိုက်မှုနည်းပါးပြီး သက်သာတယ်လို့ ဆိုနိုင်ပေမယ့် ကုန်သွယ်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပချေးငွေနဲ့ အထောက်အပံ့များရရှိမှု၊ ပြည်တွင်းဘဏ်စနစ်၊ ငွေပေးငွေယူရှင်းတမ်း၊ အစိုးရဘတ်ဂျက်နဲ့ အချို့ကဏ္ဍတွေမှာ သွယ်ဝိုက်ပြီး ထိခိုက်ဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ကမ္ဘာ့ငွေကြေးစနစ်နဲ့ချိတ်ဆက်မှုနည်းပါးတဲ့ နိုင်ငံတွေမှာ ထိခိုက်မှုသက်သာမှာဖြစ်ပေမယ့် ငွေကြေးအကျပ်အတည်းရဲ့ ရိုက်ခတ်မှုက ကင်းလွတ်တဲ့ နိုင်ငံရယ်လို့တော့ မရှိနိုင်ပါဘူး။

လက်တင်အမေရိကနိုင်ငံများအနေနဲ့ ပို့ကုန်စုစုပေါင်းရဲ့ ထက်ဝက်ဟာ အမေရိကန်ကို တင်ပို့နေတာဖြစ်တဲ့အတွက် အခုလို အမေရိကန်မှာ ငွေကြေးကျပ်တည်းပြီး ဝယ်လိုအား ကျဆင်းနေတာကြောင့် သူတို့ရဲ့ ပို့ကုန်များလည်း ကျဆင်းပြီး စီးပွားရေး ထိခိုက်ခဲ့တယ်လို့ဆိုပါတယ်။ အာဖရိကနိုင်ငံများမှာလည်း အနောက်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှု (FDI)များ ကျဆင်းလာခြင်း၊ ODA အကူအညီ အထောက်အပံ့များ ကျဆင်းလာခြင်း၊ ပြည်ပထွက်၍ အလုပ်လုပ်နေသူများထံမှ ပြန်ပို့ငွေ (Remittance) များ ကျဆင်းလာခြင်းတို့ကြောင့် စီးပွားရေးအရ များစွာထိခိုက်စေခဲ့ပါတယ်။ တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိကစတဲ့ စက်မှုထွန်းသစ်စ နိုင်ငံများမှာတောင် ဘဏ္ဍာရေးဈေးကွက်အရ ထိခိုက်မှုနည်းပါးပေမယ့်လည်း ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးစတဲ့ အခြားကဏ္ဍများမှာ ထိခိုက်မှုတွေ ရှိလာခဲ့တာကြောင့် စီးပွားရေးကျဆင်းမှုကို ရှောင်လွှဲလို့မရနိုင်တာ အမှန်ပါပဲ။

ဒီလို ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းက စိန်ခေါ်လာတဲ့အတွက် ဥရောပသမဂ္ဂ၊ လက်တင်အမေရိကမှ မာကိုဆာ ကုန်သွယ်ရေးအုပ်စု၊ အိုပက်အဖွဲ့၊ အာဖရိကသမဂ္ဂ၊ ASEM ခေါ် အာရှ-ဥရောပ ထိပ်သီးအဖွဲ့ စသည်ဖြင့် ဒေသအလိုက် အဖွဲ့အစည်းများက အရေးပေါ် အစည်းအဝေးတွေ၊ ညီလာခံတွေ ခေါ်ယူပြီး လက်ရှိပြဿနာကို ကျော်လွှားနိုင်ဖို့အတွက် နည်းလမ်းရှာကြံမှုတွေ လုပ်နေကြတာလည်း နေ့စဉ်ကြားသိနေရပါတယ်။ စက်မှုဖွံ့ဖြိုးပြီး G-7, G-20 စတဲ့ ထိပ်သီးညီလာခံတွေလည်း ထပ်ခါထပ်ခါ ကျင်းပပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာနေကြတာပါပဲ။

အဲဒီလို G-7 မှာ အဖြေရှာပြီး နည်းလမ်းတွေ ဖော်ထုတ်ကြံဆကြတော့ ဘဏ္ဍာရေးဈေးကွက် ပြိုလဲနေတဲ့ အနောက်အုပ်စုနဲ့ ကုန်သွယ်ရေး ကျဆင်းမှုကို ကုစားနိုင်ရန်အတွက် ဒေသတွင်း နိုင်ငံအချင်းချင်းဖြစ်စေ၊ အခြားဖွံ့ဖြိုးဆဲ/ထွန်းသစ်စ စက်မှုနိုင်ငံများနဲ့ဖြစ်စေ ပိုမိုတိုးချဲ့ကုန်သွယ်ဖို့၊ ဒေသန္တရအဖွဲ့အစည်းအလိုက် ဘဏ္ဍာရေးအကျပ်အတည်း ဖြေရှင်းရေးရန်ပုံငွေတွေ စုပေါင်းထူထောင်ဖို့၊ အမေရိကန်၊ အနောက်အုပ်စုတို့နဲ့ ဘဏ္ဍာရေး၊ စီးပွားရေးဆက်သွယ်မှီခို ဆောင်ရွက်မှုတွေ လျှော့ချဖို့ဆိုတဲ့ အချက်တွေအပေါ် အများစိတ်ဝင်စားကြပါသတဲ့။ အဓိကကတော့ စည်းလွတ်ဝါးလွတ်ဖြစ်နေတဲ့ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ ငွေကြေးဈေးကွက်ကို တစ်ဖက်ကလည်း ကမ္ဘာ့စီးပွားရေးကို ပြန်ထိန်းနိုင်ဖို့ပါပဲ။ အလားတူ G-20 ထိပ်သီး အစည်းအဝေးမှာလည်း စီးပွားရေးနာလန်ပြန်ထူစေဖို့၊ ဘဏ်များရဲ့ ချေးငွေ ပြဿနာများပြေလည်စေဖို့ ဆောင်ရွက်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နဲ့ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံတကာ ငွေကြေးဈေးကွက်အပေါ် ချမှတ်မယ့် စည်းမျဉ်းစည်းကမ်းတွေ ကိစ္စကိုတော့ အမေရိကန်သမ္မတအသစ် တာဝန်ယူပြီးတဲ့အချိန်အထိ ဆိုင်းငံ့ထားမယ်လို့ သိရပါတယ်။ ကျင်းပပြီးခဲ့တဲ့ APEC အဖွဲ့အစည်းကလည်း G-20 အစည်းအဝေးက အရေးယူဆောင်ရွက်မယ့် နည်းလမ်းအများစုကို ထောက်ခံခဲ့ကြတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံ+၃ အုပ်စုကတော့ ဒေါ်လာဘီလီယံ ၁၅၀ လောက်ရှိမယ့် ရန်ပုံငွေတစ်ရပ်ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်မယ်လို့ ကြားမိပါတယ်။

လတ်တလောသတင်းတွေအရဆိုရင် ပြင်သစ်နိုင်ငံအနေနဲ့ စီးပွားရေးနာလန်ထူစေရေးအတွက် ယူရို ၂၆ဘီလီယံအသုံးပြုမယ့် အစီအစဉ်ကို ကြေညာထားသလို တရုတ်နိုင်ငံကလည်း ယွမ်ငွေ ၄ထရီလီယံ (ဒေါ်လာဘီလီယံ ၆၀၀နီးပါး) အသုံးပြုမယ့် စီးပွားရေးအရှိန်မြှင့်တင်ရေးအစီအမံကို ကြေညာထားပါတယ်။ အားလုံးသိကြတဲ့အတိုင်း ရေနံဈေးနှုန်းကလည်း ဇူလိုင်လမှာ တစ်စည်ကို ၁၄၇ ဒေါ်လာအထိမြင့်တက်ခဲ့ရာကနေ ဒီဇင်ဘာ ၁၆ရက်နေ့မှာ ၄၃ ဒသမ၆ဒေါ်လာအထိ ဆင်းသွားတာလည်း တွေ့နေရပါတယ်။ ကမ္ဘာ့စီးပွားရေးရဲ့ မတည်ငြိမ်တဲ့ဈေးနှုန်းပြောင်းလဲမှုတွေနဲ့ ဒီအကျပ်အတည်းကို ကုစားနိုင်ဖို့ ကြိုးပမ်းချက်တွေဟာ အားပြိုင်နေကြဆဲပါပဲ။

ဒါပေမယ့်တစ်ဖက်ကပြန်ကြည့်ရင် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းမှာ ဘာအပြစ်မှမရှိဘဲ အဓိက ထိခိုက်ခံစားခဲ့ကြရတဲ့ ဆင်းရဲတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အစည်းအဝေးဖိတ်ကြားပြီး ပြောရေးဆိုခွင့်မပေးဘဲ ပစ်ပယ်ထားတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံခေါင်းဆောင်တွေက မကျေမနပ်ဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ တချို့ ဆွေးနွေးညှိနှိုင်းမှုတွေမှာလည်း ဘုံသဘောတူညီချက်မရရှိနိုင်ဘဲ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုတွေနဲ့ အဆုံးသတ်ခဲ့ရတာတွေလည်း ရှိပါတယ်။ ခြုံပြီးပြောရရင်တော့ **ကမ္ဘာ့နိုင်ငံအသီးသီးဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကို ကျော်လွှားနိုင်ဖို့ တစ်နိုင်ငံချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းလုပ်ဆောင်နေကြတယ်ဆိုသော်ငြားလည်း ထိရောက်တဲ့ ကုစားမှုနည်းလမ်းများ တညီတညွတ်တည်း ချမှတ်နိုင်ဖို့ အလှမ်းဝေးနေဆဲပဲဖြစ်တယ်လို့ ဆိုချင်ပါတယ်။ အဲဒီလိုငြင်းလို့ခုန်လို့ ကောင်းနေကြတုန်းမှာပဲ ကမ္ဘာကြီးတစ်ခုလုံးရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ ၂၀၀၇ခုနှစ်မှာ ၅ရာခိုင်နှုန်းရှိနေရာကနေ ၂၀၀၈မှာ ၂ဒသမ၅ရာခိုင်နှုန်း၊ ၂၀၀၉မှာ ၀ဒသမ၉ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းမှုတွေရှိနေပါတယ်။ ကျွမ်းကျင်သူတွေရဲ့အဆိုအရတော့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၁ရာခိုင်နှုန်းကျရင် ဆင်းရဲနွမ်းပါးသူအရေအတွက် သန်း၂၀ တိုးလာမှာဖြစ်ပါသတဲ့။ ကြောက်စရာ ကိန်းဂဏန်းပမာဏပါပဲ။**

အခုဆက်ပြီး အဲဒီပြဿနာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ဘယ်လောက်အထိ သက်ရောက်နိုင်မှု ရှိမလဲဆိုတာကို ဆွေးနွေးချင်ပါသေးတယ်။ ပြောရရင်တော့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်တဲ့အပြင် အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံများနဲ့ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးဆက်ဆံမှု မရှိသလောက် နည်းပါးတဲ့အတွက် ဒီအကျပ်အတည်းမှာ တိုက်ရိုက်ထိခိုက်သက်ရောက်မှု နည်းပါးနိုင်တယ်လို့ သုံးသပ်ရပါတယ်။ ဒါပေမယ့် နိုင်ငံခြားသုံးငွေကြေးအပေးအယူနဲ့ ပို့ကုန်သွင်းကုန်ကိစ္စများနဲ့ စပ်လျဉ်းပြီး စင်ကာပူလို ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံမှုများပြားတဲ့အတွက် အဲဒီနိုင်ငံတွေမှာ ဘဏ္ဍာရေးအရ ထိခိုက်မှုရှိလာတဲ့အချိန်မှာ မြန်မာနိုင်ငံကိုလည်း တစ်ဆင့်ခံ သက်ရောက်မှု ရှိလာနိုင်တယ်ဆိုတာကို ထည့်သွင်းစဉ်းစားရပါမယ်။

ကုန်သွယ်မှုအပိုင်းကိုကြည့်ရင် မြန်မာနိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတွေဟာ အိန္ဒိယ၊ တရုတ်နဲ့ အာဆီယံနိုင်ငံများသာဖြစ်တဲ့အတွက် အများကြီး ထိခိုက်ဖို့ မရှိနိုင်ဘူးလို့ သုံးသပ်ရပါတယ်။ သို့သော် ပြည်ပနိုင်ငံများမှာ

ကျော်ရဲမင်း

သွားရောက်အလုပ်လုပ်ကိုင်ကြတဲ့ မြန်မာအလုပ်သမားများထံမှ ပြည်တွင်းသို့ ပြန်ပို့ငွေများ လျော့ကျလာနိုင်သလို အဲဒီနိုင်ငံများမှ အလုပ်ဖြုတ်ခံရပြီး မြန်မာနိုင်ငံကို ပြန်လာကြတဲ့ အလုပ်သမားများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်။ ပြည်တွင်းစီးပွားရေးကဏ္ဍမှာတော့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းမှာ ဦးစွာထိခိုက်နိုင်တာကိုတွေ့ရပါတယ်။ ဒါ့အပြင် ပြည်ပမှတင်သွင်းရတဲ့ဇိမ်ခံပစ္စည်းနဲ့ ခေတ်ပေါ်ဖက်ရှင်အထည်များကဲ့သို့သော အခြေခံမကျတဲ့အပိုသုံး သွင်းကုန်တွေ လျော့ကျလာနိုင်သလို ဖွံ့ဖြိုးပြီးနိုင်ငံများကို တစ်ဆင့်ခံသွားရောက်တဲ့ အထည်ချုပ်လုပ်ငန်းများလည်း ကျဆင်းသွားနိုင်တယ်လို့ သုံးသပ်ရပါတယ်။ အလားတူ ရေထွက်သယံဇာတ ငါးပုစွန်တင်ပို့မှုများလည်း ကျဆင်းသွားနိုင်ပါတယ်။

တစ်ဖက်ကလည်း **မြန်မာနိုင်ငံအတွက်ကံကောင်းတဲ့ အချက်နှစ်ချက်ရှိနေသေးတယ်လို့ဆိုနိုင်ပါတယ်။ ပထမအချက်ကတော့ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် စက်သုံးဆီဈေးနှုန်းများ လျော့ကျလာခြင်းဖြစ်ပြီး ဒုတိယအချက်ကတော့ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက် နိုင်ငံများဖြစ်တဲ့ အိန္ဒိယ၊ တရုတ်စတဲ့နိုင်ငံများမှာ စီးပွားရေးတိုက်ရိုက် ထိခိုက်ကျဆင်းမှုသက်သာခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် မိမိဘာသာရပ်တည်နိုင်တဲ့ အခြေအနေရှိပြီး စိုက်ပျိုးရေးကို အခြေခံတဲ့စီးပွားရေးဖြစ်တာမို့ ပြည်ပမှသွင်းအားစု လိုအပ်ချက် အနည်းအကျဉ်း**

> **“နာဂစ်”လို ဒီလောက်ကြီးမားတဲ့ ပြဿနာအခက်အခဲကိုတောင် ကျွန်တော်တို့ပြည်တွင်းအားနဲ့ တညီတညွတ်တည်း စုပေါင်းရင်ဆိုင် ကျော်လွှား အောင်မြင်နိုင်ခဲ့တာ အထင်အရှားပါပဲ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားစုသုံးရပ် ပေါင်းစည်းလက်တွဲ ညီညွတ်ပြီး ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ဖြေရှင်းမယ်ဆိုရင် ဘယ်လိုအခက်အခဲ ပြဿနာမျိုးကိုမဆို ကျော်လွှားနိုင်မှာ အမှန်ပါပဲ။ ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဆိုတာကြီးကို ထိတ်လန့်ကြောက်ရွံ့နေဖို့ မလိုပါဘူး။**

ရှိတာကလွဲပြီး ပြည်ပကို မှီခိုရခြင်းမရှိတဲ့အတွက် နိုင်ငံခြားငွေလိုအပ်ချက်ကြီးကြီးမားမား မရှိလှပါဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံအနေနဲ့ များများစားစား စီးပွားရေးထိခိုက်မှုမရှိနိုင်ကြောင်း သုံးသပ်ယူဆနိုင်ပါတယ်။

နိုင်ငံတော်အစိုးရအပိုင်းကလည်း စီးပွားရေးဆိုင်ရာ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူပြီး လုပ်သင့်တာတွေ၊ ကြိုတင်ဆောင်ရွက်သင့်တာတွေလုပ်နေပြီလို့ သိရပါတယ်။ ဘယ်အစိုးရမဆို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွားအတွက် တတ်စွမ်းသမျှ ကာကွယ်စီမံဆောင်ရွက်နေမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။ ကျွန်တော်တို့ဆီမှာလည်း ဒီအတွေ့အကြုံမျိုးတွေက ရှိခဲ့ပြီး၊ ကြုံခဲ့ပြီး၊ ကျော်လွှားအောင်မြင်ခဲ့ပြီးသား အခြေအနေမျိုးတွေပါ။

ပြောရရင် ၁၉၉၇ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ငွေကြေးအရှုပ်တော်ပုံ ပြဿနာကို အားလုံးမှတ်မိကြဦးမှာပါ။ အမေရိကန်က ငွေကြေးကစားတဲ့ ဂျော့ဆိုးရော့ဇ်ဆိုသူ ပုဂ္ဂိုလ်အကောင်းစားကြီးကြောင့် အရှေ့တောင်အာရှတစ်ခုလုံး စီးပွားရေးကျဆင်းပြီး ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရတဲ့ အခြေအနေမျိုးကို ရင်ဆိုင်ခဲ့ရဖူးပါတယ်။ ထိုင်းနိုင်ငံ အိမ်ရာမြေဈေးကွက် (Property Market) စပြီးပြိုကွဲတယ်။ နောက်တော့ ငွေကြေးတန်ဖိုး(Currency)တွေပါထိုးကျသွားပြီး အရှေ့တောင်အာရှတစ်ခုလုံးကို တောမီးလောင်သလို ပျံ့နှံ့သွားခဲ့တာပါပဲ။ နိုင်ငံအားလုံး အလုပ်လက်မဲ့ပြဿနာ၊ စီးပွားရေးကျဆင်းမှုပြဿနာ၊ ငွေကြေးမတည်ငြိမ်မှုပြဿနာတွေနဲ့ အများကြီး ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီစီးပွားရေးပြဿနာက ဆက်နွယ်ပြီး အချို့နိုင်ငံတွေမှာ နိုင်ငံရေးထိခိုက်မှုတွေအထိ ဖြစ်ခဲ့ရတယ်မဟုတ်လား။ နောက်ဆုံးဒီငွေကြေးပြဿနာက ရုရှား၊ ဘရာဇီးအထိ ပျံ့နှံ့ကူးစက် ထိခိုက်စေခဲ့တယ်လို့ ဆိုပါတယ်။ **ပြောရရင် အရှေ့တောင်အာရှတစ်ခုလုံး အတော်လေးကို ထိခိုက်သက်ရောက်မှုတွေရှိခဲ့ပေမယ့် ကျွန်တော်တို့နိုင်ငံမှာတော့ ကြီးကြီးမားမားပြဿနာ မရှိခဲ့ပါဘူး။ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို တည်ငြိမ်အောင် ထိန်းချုပ်နိုင်ခဲ့သလို အချိန်တန်တော့လည်း သက်သောင့်သက်သာနဲ့ အခက်အခဲမရှိ ကျော်လွှားနိုင်ခဲ့တာပါပဲ။ အခြေခံလိုအပ်ချက်တွေ ကိုယ့်ပြည်တွင်းမှာရှိပြီးသား၊ တည်ဆောက်ပြီးသား၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နေနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် သူတစ်ပါးအပေါ် မှီခိုရပ်တည်နေတဲ့ နိုင်ငံတွေထက်တော့ ပိုပြီးအခြေခိုင်မယ်ဆိုတာ အားလုံးနားလည်ပြီး ဖြစ်ပါလိမ့်မယ်။**

အလားတူ ၂၀၀၃ခုနှစ် နှစ်ဆန်းပိုင်းလောက်တုန်းက ပြည်တွင်းမှာဖြစ်ခဲ့တဲ့ ပုဂ္ဂလိကဘဏ်တွေရဲ့ ငွေရေးကြေးရေး ပြဿနာဟာလည်း ပြန်စဉ်းစားကြည့်ရင် မနေ့တစ်နေ့ကလို ပူပူနွေးနွေးပဲ ရှိပါသေးတယ်။ အထွေထွေအကျိုးဆောင် လုပ်ငန်းတွေရဲ့ ငွေရေးကြေးရေး အရှုပ်အထွေးတွေကူးစက်ပြီး ပုဂ္ဂလိကဘဏ်အချို့မှာ ငွေကြေးအကျပ်အတည်းတွေ ကြုံခဲ့ရပါတယ်။ ဒါကလည်း အထွေထွေအကျိုးဆောင်လုပ်ငန်းတွေရဲ့ ပြဿနာပေါ်မူတည်ပြီး ဖြစ်လာတဲ့ ကောလာဟလတွေကြောင့် ပြည်သူတွေက ဘဏ်မှာရှိတဲ့ အပ်နှံငွေအများစုကို ပြန်ထုတ်ဖို့ကြိုးစားလာခဲ့တာကြောင့် ဘဏ်တွေမှာ ငွေကြေးပြတ်လပ်မှု (Liquidity Shortage) ဖြစ်ပေါ်ခဲ့ရတာပါ။ တစ်ပိုင်းကလည်း ပုဂ္ဂလိကဘဏ်အချို့အနေနဲ့ ဗဟိုဘဏ်ကချမှတ်ထားတဲ့ အမိန့်နဲ့ ညွှန်ကြားချက်တွေကို လိုက်နာမှုအားနည်းတာလည်း တစ်ချက်ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ငွေအပ်နှံသူများအနေနဲ့ ဘဏ်လုပ်ငန်းအပေါ် နားလည်ယုံကြည်မှု အားနည်းတာလည်း ပါပါတယ်။

ဒါပေမယ့် **နိုင်ငံတော်အနေနဲ့ အဲဒီ ဘဏ်ငွေကြေးအကျပ်အတည်း ပြေလည်စေဖို့အတွက် ဘဏ်များကြီးကြပ်ရေးကော်မတီကို အမြန်ဆုံးဖွဲ့စည်းပြီး ဘဏ်များကို အချိန်မီကြီးကြပ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပုဂ္ဂလိကဘဏ်အချို့ရဲ့ ငွေကြေးပြတ်လပ်မှုကို ကုစားနိုင်ဖို့အတွက် အစိုးရငွေတိုက်စာချုပ်ကို အာမခံပြုပြီး ကျပ် ၅၉ဒသမ ၉၀ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။** သို့သော် အဲဒီချေးငွေနဲ့ မလုံလောက်သေးတဲ့အတွက် အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း Lender of last Resort အနေနဲ့ ဗဟိုဘဏ်နဲ့ မြန်မာ့စီးပွားရေးဘဏ်တို့ကနေ လုံလောက်တဲ့ အာမခံရယူပြီး ပုဂ္ဂလိကဘဏ် ၁၃ဘဏ်ကို Credit Line ချေးငွေအဖြစ် ကျပ် ၅၀ဒသမ ၆၈ဘီလီယံ ထပ်ပြီးထုတ်ချေးပေးခဲ့ပါတယ်။ စုစုပေါင်း ကျပ် ၁၁၀ဒသမ ၅၈ဘီလီယံ ထုတ်ချေးပေးခြင်းအားဖြင့် အချိန်မီကုစားနိုင်ခဲ့ပါတယ်။ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလလောက်က စခဲ့တဲ့ ဘဏ်ပြဿနာအပေါ် နိုင်ငံတော်က အဲဒီလို အချိန်မီဝင်ရောက် ထိန်းသိမ်းကုစားပေးနိုင်ခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ ဘဏ်လုပ်ငန်းစနစ်အပေါ် ယုံကြည်မှု ပြန်လည်ရရှိလာပြီး ပုဂ္ဂလိကဘဏ်များရဲ့ အခြေအနေဟာ ၂၀၀၄ခုနှစ် ဇန်နဝါရီလမှာ ပုံမှန်အခြေအနေကို ပြန်ရောက်လာနိုင်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်ပြန်ပြောနေရတာက နိုင်ငံတော်အနေနဲ့ အရေးကြုံလာရင် ဒီလိုဆောင်ရွက်ပေးနိုင်တယ်၊ ဆောင်ရွက်ပေးခဲ့ဖူးတဲ့ အတွေ့အကြုံလည်းရှိတယ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် အပြည့်အဝရပ်တည်ကာကွယ် ဆောင်ရွက်ပေးနေတယ်ဆိုတာကို ထင်ရှားစေချင်လို့ပါပဲ။

နောက်သာဓကတစ်ခု ပြောပါဦးမယ်။ စီးပွားရေးပြဿနာမဟုတ်ပေမယ့် စီးပွားရေးပြဿနာတွေထက် ပိုပြီးကြီးမားတဲ့ ထိုးနှက်မှုတစ်ခုပါ။ အဲဒါကတော့ ပြီးခဲ့တဲ့မေလဆန်းက တိုက်ခတ်သွားခဲ့တဲ့ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးပါပဲ။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဘယ်လောက်အထိ သေကျေပျက်စီး ထိခိုက်ဆုံးရှုံးမှုတွေရှိခဲ့တယ်ဆိုတာ အားလုံးသိထားကြပြီးသားပါ။ နိုင်ငံရဲ့သမိုင်းတစ်လျှောက်မှာ ဒီလောက်အထိသေကျေပျက်စီး ထိခိုက်ဆုံးရှုံးမှုကြီးမားတဲ့ သဘာဝဘေးမျိုး တစ်ကြိမ်တစ်ခါဖူးမျှ မကြုံဖူးခဲ့လေတော့ သာမန်အနေနဲ့တွေးကြည့်ရင် ခြေမကိုင်မိ လက်မကိုင်မိ

စာမျက်နှာ ၁၁ ကော်လံ ၁

● *ကျောဖုံးမှ*

ခြောက်သွေ့သောရာသီ၌ မီးလောင်ကျွမ်းမှုအပြင် အခြားသတိပြုသင့်သည့် အချက်များကို ပြည်သူများ ပိုမိုသိရှိစေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးဦးဇော်မင်းနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သည်။

“မြန်မာနိုင်ငံမှာ မီးလောင်ကျွမ်းမှုတွေကို လေ့လာရင် ပေါ့ဆမီးကြောင့် လောင်ကျွမ်းတာ များပါတယ်။ အထူးသဖြင့် နေအိမ်တွေမှာ မီးဖို မီးကြွင်း မီးကျန်တွေက တစ်ဆင့် မီးလောင်မှု ဖြစ်ပွားတတ်တာမို့ မီးဖိုတွေကို သုံးစွဲပြီးရင် မမေ့မလျော့ဘဲ မီးငြိမ်းသတ်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး မိသားစုဝင်တွေ အားလုံး အပြင်သွားမယ်ဆိုရင် သုံးစွဲနေတဲ့ လျှပ်စစ်ပစ္စည်းတွေ ရှိရင် မီးကို ပိတ်၊ ပလပ်ကို ဖြုတ်၊ မိန်းခလုတ်တွေကို ချထားပြီးမှ အပြင်သို့ သွားသင့်ပါတယ်။ ဒါကို အလေ့အကျင့်ဖြစ်အောင် လုပ်ဆောင်ရမှာပါ” ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှင်းပြသည်။

သတိပြုသင့်

မီးဖိုမီးကြွင်းနှင့် မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့် မထားရှိဘဲ တစ်အိမ်လုံး အပြင်သို့သွားလျှင် မီးအား မြှင့်စက်နှင့် မိန်းခလုတ်များကို သတိရှိစွာ ချထားရမည်ဖြစ်သည်။ ထိုသို့ သတိရှိရှိ မလုပ်ဆောင်ပါက မီးလောင်မှုဖြစ်ပွားတတ်သည်ကို သတိပြုသင့်ပေသည်။

“နောက်ပြီး သတိပြုသင့်တဲ့အချက်တစ်ခုက ကလေးသူငယ်တွေနဲ့သက်ကြီးရွယ်အိုတွေကို ထမင်း၊ ဟင်းချက်ပြုတ်ခိုင်းခြင်း မပြုသင့်တာပါပဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ မီးဖိုသုံးစွဲပြီးရင် မီးကြွင်း မီးကျန်တွေကို သေသေချာချာမငြိမ်းသတ်နိုင်လို့ ဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးဖို၊ မီးခလုတ်တွေကို သတိလက်လွတ် ပေါ့ပေါ့ဆဆနဲ့ မပိတ်မိကြတာများလို့ ဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

“မီးပိတ်၊ ပလပ်ဖြုတ်၊ မိန်းခလုတ်တွေကို ချပြီးမှ အပြင်ကို သွားသင့်ပါတယ်”

ဦးဇော်မင်း
ညွှန်ကြားရေးမှူး

“မီးလောင်လွယ်တဲ့ ပစ္စည်းတွေ အနီးမှာ ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီး ပူဇော်ခြင်းတွေကို မေ့မေ့လျော့လျော့ မထားမိဖို့ လိုအပ်ပါတယ်။ ဖယောင်းတိုင်မီးထွန်းပြီး စာကြည့်တာတွေ၊ ဖယောင်းတိုင်းမီးနဲ့ အမှတ်တမဲ့ မော်တော်ကား ဓာတ်ဆီ ဖြည့်တာတွေ၊ အိပ်ရာနဲ့ ခုတင်အနီးမှာ ဖယောင်းတိုင်နဲ့ ခြင်ဆေးခွေ ထွန်းထားတာတွေ၊မော်တော်ကား ခေါင်းခန်းကူရှင်ပေါ်မှာ ခြင်ဆေးခွေ ထွန်းထားတာတွေဟာ မီးလောင်မှုတွေ ဖြစ်ပေါ်စေတတ်တာမို့ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်စေပါတယ်။ ဒါကြောင့် ခြင်ဆေးခွေနဲ့ ဖယောင်းတိုင်မီးတွေ သုံးစွဲရင် လူစောင့်ထားကြဖို့နဲ့ လူစောင့် မရှိပါက မီးငြိမ်းထားဖို့ လိုအပ်ပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

စီမံဆောင်ရွက်

ထို့အပြင် ညအိပ်ရာဝင်ချိန်၌ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊ မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ရန်နှင့် မိမိအိပ်ခန်းများတွင် လေဝင် လေထွက်ကောင်းမွန်စေရေး စီမံဆောင်ရွက်ထားရန် လိုအပ်ပေသည်။

သတိပြုရှောင်ကြဉ်

တစ်ဖန် ပူပြင်းသော ရာသီ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ်(Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်သဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးများဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ် သင့်ပေသည်။

“မော်တော်ယာဉ်တွေကို အသုံးပြုတဲ့ နေရာမှာ မောင်းနှင်နေတဲ့အချိန်နဲ့ ရပ်ထားတဲ့အချိန်တွေမှာ ဝိုင်ယာရှော့ဖြစ်တတ်ပါတယ်။ ကား ဂက်စ်အိုးအဝင် ပိုက်ဆက် ပြုတ်ရာက ဒိုင်နမိုနဲ့ထိပြီး မီးလောင်မှုဖြစ်တတ်ပါတယ်။ ဒါ့အပြင် စက်နှိုးထားတဲ့အချိန် ဆီထည့်တာ၊ ကာပရိုက်တာဆီလျှံတာ၊ ကားခေါင်းခန်း အတွင်းမှာ ခြင်ဆေးခွေ ထွန်းတာ၊ ညအချိန် ကားပြင်တဲ့အခါ ဖယောင်းတိုင်မီးနဲ့ ကြည့်ရှုစစ်ဆေးတာ၊ ဆီထည့်နေချိန် ဆေးလိပ် သောက်တာနဲ့ လက်ကိုင်ဖုန်း ပြောတာတွေ အပြင် မီးပွားထွက်နိုင်တဲ့ နေရာတွေမှာ ဆီထည့်တာတွေဟာ မီးလောင်မှုတွေဖြစ်ပေါ်စေနိုင်ပါတယ်။ မီးလောင်မှု ဖြစ်ပွားရင် အလွယ်တကူ မီးငြိမ်းနိုင်အောင် ဓာတုဗေဒပေါင်ဒါခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder)ကို မော်တော်ယာဉ်တိုင်းမှာ အသင့်ဆောင်ထားသင့်ပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မီးလောင်မှုများတွင် ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးဖြင့် လေ့ကျင့်ငြိမ်းသတ်နေစဉ်။ (မြန်မာ့အလင်း)

မီးလောင်ကျွမ်းမှုများမှာ ပေါ့ဆမှုကြောင့်အဖြစ်များလျက်ရှိသဖြင့် မိမိ၏ ပေါ့ဆမှုကြောင့် ပြည်သူများ၏အသက်၊ အိုးအိမ်စည်းစိမ်များမပျက်စီးမဆုံးရှုံးကြရေး အထူးသတိတရားထားပြီး မီးကိုသုံးစွဲသင့်ပေသည်။ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်သတိပေးချက်များ၊ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် မီးလောင်မှုဖြစ်ပွားပါက အချိန်တိုအတွင်း ငြိမ်းသတ်နိုင်ရန် လေ့ကျင့်မှုများမပြတ်တမ်းပြုလုပ်လျက်ရှိနေပါကြောင်း တွေ့ဆုံမေးမြန်းရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံမှာ မီးလောင်ကျွမ်းမှုတွေကို လေ့လာရင် ပေါ့ဆမီးကြောင့် လောင်ကျွမ်းတာ များပါတယ်။ အထူးသဖြင့် နေအိမ်တွေမှာ မီးဖို မီးကြွင်း မီးကျန်တွေက တစ်ဆင့် မီးလောင်မှု ဖြစ်ပွားတတ်တာမို့ မီးဖိုတွေကို သုံးစွဲပြီးရင် မမေ့မလျော့ဘဲ မီးငြိမ်းသတ်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး မိသားစုဝင်တွေ အားလုံး အပြင်သွားမယ် ဆိုရင် သုံးစွဲနေတဲ့ လျှပ်စစ်ပစ္စည်းတွေ ရှိရင် မီးကိုပိတ်၊ ပလပ်ကို ဖြုတ်၊ မိန်းခလုတ်တွေကို ချထားပြီးမှ အပြင်သို့ သွားသင့်ပါတယ်။

စာမျက်နှာ ၁၀ မှ

ဖြစ်ပြီး လုံးဝပြိုလဲသွားချင်စရာပါပဲ။ အဲဒီလိုပဲ ကျွန်တော်တို့ နိုင်ငံအပေါ် အဆိုးမြင်နေတဲ့ ပြည်ပမီဒီယာပေါင်းစုံကနေ မြန်မာနိုင်ငံဟာ ဘယ်လိုမှ ပြန်ပြီးအဖတ်ဆယ်လို့ မရနိုင်တော့ဘူး၊ မြန်မာအစိုးရအနေနဲ့ ဒီပြဿနာကို ဘယ်လိုမှ နိုင်နင်းအောင် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်စွမ်း ရှိမှာမဟုတ်ဘူး၊ အစိုးရရဲ့ စီမံဆောင်ရွက်ပုံ ညံ့ဖျင်းမှုကြောင့် အငတ်ဘေးကြုံလိမ့်မယ်၊ ကပ်ရောဂါဘေးတွေ ကျရောက်လိမ့်မယ်၊ လူပေါင်းသိန်းနဲ့ချီအောင် ထပ်ပြီး သေကျေကြလိမ့်ဦးမယ်၊ မြန်မာနိုင်ငံ စီးပွားရေး ဗုန်းဗုန်းလဲပြီး အစိုးရပါ ပြိုကွဲသွားနိုင်တယ် စသည် စသည်ဖြင့် မလိုတမာ စကားတွေနဲ့ အမျိုးမျိုး ပုံကြီးချဲ့ ဟောကိန်းထုတ်ခဲ့ကြတာ မှတ်မှတ်ရရကြီးကို မှတ်မိနေပါသေးတယ်။

သူတို့ဘယ်လိုပြောပြော အခုအချိန်မှာ ဘာတွေဖြစ်နေသလဲ၊ လက်တွေ့မြင်နိုင် သိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့အတွက် လေဘေးသင့် ဒေသတွေဟာ အခုလိုအချိန်တိုအတွင်းမှာ မူလအခြေအနေကို ပြန်ရောက်လာနိုင်ခဲ့ပါပြီ။ ရဟန်းရှင်လူပြည်သူအားလုံးရဲ့ ကူညီလှူဒါန်း ပံ့ပိုးဆောင်ရွက်မှုတွေ၊ ပြည်တွင်းကုမ္ပဏီကြီးများရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ နိုင်ငံတကာ အလှူရှင်များရဲ့ လှူဒါန်းမှုတွေကြောင့် လေဘေးသင့်ပြည်သူများရဲ့ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်များအားလုံး ချောမွေ့အောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေကိုပါ ထပ်ပေါင်းလိုက်တဲ့အခါကျတော့ မြေအုတ်တို့ ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်နိုင်ရမည်ဆိုတဲ့စကားအတိုင်း တကယ့်ကို မူလ အခြေအနေထက် မြင့်မားတဲ့ အဆင့်တစ်ခုကို အောင်မြင်စွာ ဆောင်ကြဉ်းပို့ဆောင်ပေးနိုင်ခဲ့ပါပြီ။

လေဘေးသင့်ဒေသ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနဲ့ သဘာဝဘေးဒဏ်မှ ရေရှည်ကာကွယ်နိုင်ရေး လုပ်ငန်းများအတွက် ကျခံသုံးစွဲခဲ့ရတဲ့ ငွေကြေးပမာဏကလည်း အံ့မခန်းပါပဲ။ နိုင်ငံတော်က ကျပ် ၈၈ဒသမ ၄၄ဘီလီယံ စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပြီး ပြည်တွင်းက အလှူရှင်တွေရဲ့ လှူဒါန်းငွေပမာဏကလည်း ကျပ်၄၂ဒသမ၃၂ဘီလီယံ ရှိခဲ့ပါတယ်။ ဒါကြောင့် လေဘေးအတွက် ပြည်တွင်းကတင် သုံးစွဲခဲ့တဲ့ ငွေကြေးပမာဏ ၁၃၀ဒသမ၇၆ဘီလီယံ ရှိခဲ့ပါတယ်။ ဒါ့အပြင် ဆားလုပ်ငန်းအတွက် ဘဏ်ချေးငွေနဲ့ ကျပ် ရှစ်ဘီလီယံ သုံးပြီး ပြန်လည်ထူထောင်ပေးမှာဖြစ်လို့ စုစုပေါင်း ၁၃၈ဒသမ၇၆ဘီလီယံတောင် သုံးစွဲကုန်ကျခဲ့တယ် ဆိုရမှာပါပဲ။ ဒါဟာ မပြီးဆုံးသေးပါဘူး၊ ဆက်ပြီးလည်း စိုက်ထုတ် ကျခံထူထောင်တည်ဆောက်ပေးနေဦးမှာပါ။ ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံ မဟုတ်ပေမယ့် နိုင်ငံနဲ့ ပြည်သူအတွက် တကယ် လိုအပ်လာပြီဆိုတဲ့ အချိန်မျိုးမှာ နိုင်ငံတော်ရဲ့ ရပ်တည်စွမ်းဆောင် ပံ့ပိုးပေးနိုင်စွမ်းက တကယ်ကို အသိအမှတ်ပြုထိုက်လှပါတယ်။

ဘာပဲပြောပြော “နာဂစ်”လို ဒီလောက်ကြီးမားတဲ့ ပြဿနာ အခက်အခဲကိုတောင် ကျွန်တော်တို့ ပြည်တွင်းအားနဲ့ တညီတညွတ်တည်း စုပေါင်းရင်ဆိုင် ကျော်လွှားအောင်မြင်နိုင်ခဲ့တာ အထင်အရှားပါပဲ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားစုသုံးရပ် ပေါင်းစည်းလက်တွဲ ညီညွတ်ပြီး ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ဖြေရှင်းမယ်ဆိုရင် ဘယ်လိုအခက်အခဲ ပြဿနာမျိုးကိုမဆို ကျော်လွှားနိုင်မှာ အမှန်ပါပဲလို့ ယုံကြည်မိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဆိုတာကြီးကို ထိတ်လန့်ကြောက်ရွံ့နေဖို့ မလိုပါဘူးလို့ ရဲရဲကြီး ပြောလိုက်ချင်ပါတယ်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်မည်

၁၉၇၁-၁၉၇၉ခုနှစ် ရန်ကုန်ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ရွှေဂုံတိုင် Excel Tower Restaurant နှင့် မိတ်ဆုံစားပွဲကို အဆိုပါရက် ညနေ ၆ နာရီတွင် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၃၄)ကို အမှတ်၂၂၈/၂၄၀ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံး)၌ ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ ရက်သတ္တ ခုနစ်ပတ်ကြာ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်သည်။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ်စည်းဝေးမည်

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရခိုင်ပြည်နယ်မွှောရုံ၌ ကျင်းပမည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)အာစရိယပူဇော်မည်

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ဘွဲ့ရများအသင်းက ကြီးမှူး၍ (၄၄)နှစ်မြောက် စီးပွားရေးတက္ကသိုလ်တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အခန်း ၁၀ ၌ ကျင်းပမည်ဖြစ်သည်။

IT နည်းပညာသင်တန်းများ ဟောပြောပွဲကျင်းပမည်

IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Professionals Education Centre(MPEC)နှင့် စင်ကာပူသမ္မတနိုင်ငံရှိ Beacon School of Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ၌ စတင် သင်ကြားမည့် Double Certification သင်တန်းများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ရှိ ကွန်ဖရင့်ဟော၌ကျင်းပမည်ဖြစ်သည်။

ညောင်တုန်းအသင်း(ရန်ကုန်)ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ် (၇၀) ပြည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းမွှောရုံ၌ ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင်ကျင်းပမည်ဖြစ်သည်။

စာရေးဆရာ ဆရာဝန်များ စာပေဟောပြောမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့က ကြီးမှူးသော စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်-အေ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအိုးပင်းလက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၈ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည်ဖြစ်သည်။ ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၇ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်သည်။

မင်းတုန်းအသင်း(ရန်ကုန်)သက်ကြီးပူဇော်မည်

မင်းတုန်းအသင်း(ရန်ကုန်)၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်ဘုရားအနီး ပဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန မိသားစုများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို တက္ကသိုလ်များမွှောရုံ၌ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်ပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

(၁)	ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ချပ် ၁ချပ်	ကျပ် ၁၆၂၀၀၀၀	နှုန်း
(၂)	ကျောက်ပြား (မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ချပ် ၁ချပ်	ကျပ် ၂၂၀၀၀	နှုန်း
(၃)	စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ချပ် ၁ချပ်	ကျပ် ၁၃၀၀၀	နှုန်း
(၄)	မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ချပ် ၁ချပ်	ကျပ် ၁၃၀၀၀	နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဓမ္မစေတီဆရာတော် အထူးတရားပွဲ

တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် မြသီတာအားကစားကွင်းတွင် မွေးရပ်မြေမြတ်ကျေးဇူးဆပ် တရားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်။ ။ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ
မဟာဓမ္မာစရိယ M.A (Buddhism)

နေ့ရက် ။ ။ ၂၂-၁၂-၂၀၀၈ ရက်
၂၃-၁၂-၂၀၀၈ ရက်

အချိန် ။ ။ ညစဉ် ၇ နာရီ

ဆက်သွယ်ရန် ။ ။ ဦးဝင်းဇော် ဖုန်း-၀၉-၅၀-၄၃၂၅၉
ဦးတင်ဝင်း ဖုန်း-၀၉-၅၀-၅၆၇၆၃
ဦးကောင်းမြတ်ဟိန်း ဖုန်း-၀၉-၅၁-၁၁၉၈၁
ဒေါ်သက်မီမီထွန်း ဖုန်း-၀၁-၅၆၂၂၈၈-Ext-228



မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း

(၁၅)နှစ်ပြည့်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ ပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

အထိမ်းအမှတ်ပွဲတွင် ပြပွဲပြိုင်ပွဲများအနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲများ၊ ပန်းအလှနှင့် သစ်သီး အလှပြပွဲ ပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် ပန်းချီပြပွဲ ပြိုင်ပွဲများ၊ ပန်းမန်အလှဖြင့် ဆင်ယင်ထုံးဖွဲ့ထားသော လှယဉ်ကျေးမယ်ပြိုင်ပွဲများ ပါရှိပြီး ဖျော်ဖြေတင်ဆက်မှုအနေဖြင့် အသက်အရွယ်အလိုက် ပျော်ပွဲရွှင်ပွဲများ၊ Golden Lion Co-op Ltd. မှ တေးသရုပ်ဖော်နှင့် အလှပြပွဲများ၊ Happy World မှ မျက်လှည့်ပွဲများအား အခမဲ့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဈေးရောင်းပွဲတော်အတွက် Golden Lion Co-op Ltd. မှ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးသွားမည် ဖြစ်ပြီး အသင်းမှ ပျိုးပင် ပန်းပင်များ၊ ယင်းအတွက် လိုအပ်သော ဆေးဝါးအရောင်းဆိုင်များ၊ စားသောက်ဆိုင်များကို တာဝန်ယူ စီစဉ်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

ဈေးရောင်းပွဲတော်အတွက် ဆိုင်ခန်းများကို ရွှေခြသေ့ Gloden Lion General Trading Co-op Ltd. ဖုန်း-၀၁-၃၇၁၈၀၀၊ ၀၁-၆၃၆၅၀၉ လိုင်းခွဲ ၃၉၄၊ ၄၀၈၊ ၀၉-၅၀-၃၁၆၆၀၊ ၀၉-၅၁- ၇၃၀၇၆ တို့သို့ လည်းကောင်း၊ Sponsor ပေးလိုသော ကုမ္ပဏီများ၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လိုကြသူများ၊ ကြော်ငြာ Board များ၊ Vinyl Sheet ချိတ်ဆွဲလိုသော လုပ်ငန်းရှင်များ၊ ပျိုးပင်၊ ပန်းပင်၊ ဆေးဝါးဆိုင်များနှင့် စားသောက်ဆိုင်ဖွင့်လိုသူများသည် ဆိုင်ခန်း ၁၀ပေ×ပေ၂၀×၈ပေရှိ အခန်းတစ်ခန်းလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဖုန်း-၀၁-၃၇၉၃၆၁၊ e-mail:orchid @mptmail.net. mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝိသာခါကျောင်းဆောင်ကြီးရေစက်ချပွဲ ဖိတ်ကြားလွှာ

ကလေးမြို့ စကားလှမဓမ္မာရုံကျောင်းတိုက်ကြီးအတွင်း၌ ဆောက်လုပ်ခဲ့သော ဝိသာခါကျောင်းဆောင်ကြီးရေစက်ချပွဲကို နတ်တော်လပြည့်ကျော် ၅ ရက်မှ ၉ရက် (ဒီဇင်ဘာ ၁၇ရက်မှ ၂၁ ရက်)အထိ ငါးညတိုင်တိုင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဓမ္မကထိကအကျော် ဆရာတော်ငါးပါးအား ပင့်ဆောင်ပြီး ညစဉ် အထူးတရားပွဲများနှင့် ရေစက်ချပွဲကျင်းပမည် ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူး ဈေးရောင်းပွဲတော်ကို သံသုမာအားကစားကွင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် ၂၀-၁၂-၂၀၀၈ ရက်မှ ၂၆-၁၂-၂၀၀၈ ရက်အထိ နေ့စဉ်နံနက် ၈း၀၀ နာရီမှ ည ၈း၀၀ နာရီအထိ ဆိုင်ခန်းများဖွင့်လှစ်၍ အထူးဈေးနှုန်းဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(13F-2)၊ မြေကွက်အမှတ်(I-11)တွင် တည်ရှိသော (တစ်နည်းအားဖြင့်) ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ အနော်ရထာလမ်း (၃၉လမ်းနှင့် လမ်း၄၀ကြား)တွင် တည်ရှိသော Central Tower ၁၆ထပ်တိုက်ကြီး၏ 8 th Floor (Level-9)၊ အခန်းအမှတ် ၈၀၅၊ အကျယ်အဝန်း ၁၄၂၆ စတုရန်းပေခန့်ရှိ တိုက်ခန်းဉပစာအပါအဝင် ဆက်စပ်သောပစ္စည်းအားလုံးတို့အား လက်ရှိထား နေထိုင်ပိုင်ဆိုင်သူ ဒေါ်မန္တဲ့ခင် ၁၁/စတန(နိုင်)၀၃၅၄၀၉ ထံမှ အပျောက်စနစ်ဖြင့် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းကို ကျွန်ုပ်၏ အမှုသည်က ပေးချေပြီး ဖြစ်ပါသည်။

သို့ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ခင်မောင်မြင့် B.A (Law), LL.B, DLP(WIPO-Switzerland), Advocate.
#၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း +၉၅-၁-၇၀၆၈၄၆၊ ၃၈၄၃၈၂။ GSM: +၉၅-၉-၅၁၂၁၄၄၈၊
e-mail : kmm-lawyer@myanmar.com.mm

အမည်ပြောင်း

အဖ ဦးလှိုင်ဝင်း၏ သမီး အ-ထ-က(၂) ကမာရွတ် စတုတ္ထတန်း(B)မှ မထက်သီရိတင်အား မထက်ရတီဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မထက်ရတီဝင်း။**

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ခေတ္တရာအသင်း(ရန်ကုန်မြို့)သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

ခေတ္တရာအသင်း(ရန်ကုန်မြို့) (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲ၌ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဓာတ်လှေကားအနီး ဒဂုံမြို့နယ်ရှိ ခေတ္တရာအသင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသက်(၇၅)နှစ်ပြည့်ပြီး အပူဇော်ခံသက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၈ခုနှစ် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ် ကောလိပ်အတန်းစုံတွင် ဂုဏ်ထူး ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ၊ အထက်ဖော်ပြပါ အပူဇော်ခံသက်ကြီးများ၊ ဂုဏ်ပြုခံ ကျောင်းသားများ၏ အမည်စာရင်းကို သက်ဆိုင်ရာပညာရေးဌာန၏ ထောက်ခံချက်နှင့်အတူ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးငွေအောင် ဖုန်း-၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း-၃၈၈၅၉၉၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၅၂၇၈၁၁၊ လိုင်းခွဲ-၁၁၈၈၊ ဦးခင်မောင်ဘို ဖုန်း- ၆၅၁၉၃၈၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈၊ ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂တို့သို့ စာရင်းပေးပို့ ကြပါရန်နှင့် တက်ရောက်လာကြသူများအား ပြည်ပလာတာဖြင့် ဧည့်ခံကျွေးမွေးရန် စီစဉ် ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း စာရင်းရုံး အခြေခံစာရင်းကိုင်သင်တန်း အမှတ်(၃၄) လျှောက်လွှာခေါ်ယူခြင်း

အခြေခံစာရင်းကိုင်သင်တန်း အမှတ်(၃၄)သင်တန်းကို ၃-၁-၂၀၀၉ ရက်တွင် ဖွင့်လှစ်ပါမည်။

သင်တန်းကာလ	- ၃-၁-၂၀၀၉ ရက်မှ ၂၉-၃-၂၀၀၉ ရက်အထိ
သတ်မှတ်ပညာအရည်အချင်း	- အခြေခံပညာအထက်တန်းအောင် (သို့မဟုတ်) တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်
သင်တန်းရက်	- စနေ၊ တနင်္ဂနွေ
သင်တန်းချိန်	- နံနက်၉း၃၀နာရီမှ မွန်းလွဲ၂း၃၀နာရီအထိ
သင်တန်းနေရာ	- ရန်ကုန်တိုင်းစာရင်းရုံး၊ သင်တန်းကျောင်း အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
လျှောက်လွှာလက်ခံမည့်ရက်	- ၁၈-၁၂-၂၀၀၈ရက်မှ ၃-၁-၂၀၀၉ ရက်အထိ (နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ)
ဆက်သွယ်ရန်တယ်လီဖုန်း	- ၂၁၂၅၁၆

ရန်ကုန်တိုင်းစာရင်းရုံး၊ စီမံရေးရာဌာနခွဲ

RHYTHM (ချောင်းသာ)

'ရစ်သမ်' စားသောက်ဆိုင်နှင့် တည်းခိုရိပ်သာ ချောင်းသာလမ်းမကြီး၊ စက်ရုံဝန်ထမ်းများ၊ကုမ္ပဏီဝန်ထမ်းများ၊အဖွဲ့အစည်းများအတွက်အထူးဈေးနှုန်း။ စား-တည်း (ငြိမ်း)တစ်ဦးလျှင် ကျပ်၆၀၀၀(တစ်ရက်)။
ဖုန်း-၀၄၂-၄၂၁၁၅၊ ၀၉-၅၀-၁၆၉၀၂။

ကျေးဇူးဆပ်ပါမည်

ဦးရန်နိုင်၏ ဒ/၂၇၄၃ ပါပလေကာ ယာဉ်၏ အခွန်ကျေ ပုံစံ(၁) အစိမ်းရောင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။
ဖုန်း-၀၉-၅၀-၁၃၅၁၅။

မြန်မာ့ရုပ်မြင်သံကြား

၁၈-၁၂-၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအကများ
၈း၀၀	၅။	တေးဂီတအစီအစဉ်
၈း၁၀	၆။	အကပဒေသာ
၈း၂၀	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၀	၉။	**ချောင်းကမ်းဘေးက ရွာကလေး** တိုကိုထင်ပေါ်၊ နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ သဇင် (ဒါရိုက်တာ- မြင့်စိုး၊ ဝ/သ)

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ချစ်စရာအရွယ် ကကြိုးသွယ်
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀	၇။	**ကျော်သွားမှာလား၊ ဖော်စားမှာလား** ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန် အောင်အောင်၊ မယ်လိုဒီ (ဒါရိုက်တာ-အကယ်ဒမီ မလိခ စိုးထိုက်အောင်)
၅း၂၅	၈။	တေးဂီတအစီအစဉ်
၅း၄၀	၉။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	ထူးဆန်းထွေလာ များကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၃။	တေးဂီတအစီအစဉ်
၇း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၃၅)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၅)

မိုးညှင်း၌ ပန်းအလှပင်များ ပျိုးထောင်

မိုးညှင်း ဒီဇင်ဘာ ၁၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးသည် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ရုံးဝင်းအတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို နိုဝင်ဘာ ၁၉ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပခုက္ကူခရိုင် ပြန်/ဆက်ဦးစီးရုံးတွင် ညှိနှိုင်းဆွေးနွေး

မကွေး ဒီဇင်ဘာ ၁၅

ခရိုင်နှင့်မြို့နယ် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၂၀ရက် နံနက်က ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

<ins>ရှင်းလင်းတင်ပြ</ins>

အခမ်းအနားတွင် ခရိုင်အတွင်းရှိမြို့နယ်ငါးမြို့နယ်မှ မြို့နယ်ဦးစီးမှူးများက ကိုယ်ပိုင်

မြေနှင့် ကိုယ်ပိုင် အဆောက်အအုံများ ဆောင်ရွက်ထားရှိမှုစာရင်း၊ မြို့နယ်အဆင့် ကျေးရွာစာကြည့်တိုက်အထောက်အကူပြု ကော်မတီများ ဖွဲ့စည်းထားရှိမှုစာရင်းနှင့် စာကြည့်တိုက်များ ခိုင်မာရေးအတွက် ဝန်ထမ်းများ နယ်မြေအလိုက် တာဝန်ခွဲဝေချထားမှု စာရင်းများကို အသီးသီးရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် မကွေးတိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များနှင့် အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။ (ဝဲပုံ) (တိုင်း ပြန်/ဆက်)

ဒီဇင်ဘာ ၁၁ရက်က ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတား လုပ်ငန်းဖြစ်သော အထက်ကြာအင်း-အုတ်ဖြုတ် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးမြတ်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် သရက်ချဉ်ရွာ အမြဲတေ စာကြည့်တိုက်ဖွင့်

စလင်း ဒီဇင်ဘာ ၁၅

မကွေးတိုင်း စလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစာကြည့်တိုက်များ ခိုင်မာသည့်မြေပေါ်တွင် ကိုယ်ပိုင်အဆောက်အအုံဖြစ်ထွန်းရေးကို စလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ သရက်ချဉ်ရွာ အမြဲတေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ရန်ပုံငွေ၊ ပရိဘောဂ၊ စာအုပ်စာစောင် လှူဒါန်းပွဲကို နိုဝင်ဘာ ၂၈ရက် ညနေ ၅နာရီက အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

<ins>ဖဲကြိုးဖြတ်ဖွင့်လှစ်</ins>

အခမ်းအနားတွင် အဆောက်အအုံသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ သရက်ချဉ် ရွာသူရွာသားများက ရန်ပုံငွေကျပ်တစ်သိန်းနှင့် တစ်သိန်းရစ်သောင်းတန်ဖိုးရှိ သွပ် ၂၈ချပ်ကိုလည်းကောင်း၊ သရက်ချဉ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရန်ပုံငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဦးသန်းဇော်မိသားစုက ငွေကျပ်တစ်သောင်းငါးထောင်တန်ဖိုးရှိ စားပွဲ တစ်လုံးကိုလည်းကောင်း၊ဦးမြင့်စိုး(စာရင်းရုံး-ငြိမ်း)က ငွေကျပ်သုံးသောင်းတန်ဖိုးရှိသုတစာအုပ်မျိုးစုံ အုပ်၅၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံ ဆီမီးခုံ-ကတောလမ်း ကျောက်ချောလမ်းခင်း

မြင်းခြံ ဒီဇင်ဘာ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် ဆီမီးခုံကျေးရွာနှင့် ကတောကျေးရွာချင်းဆက် လမ်းအရှည် ပေ၂၀၇၀၊ လမ်းအကျယ် ၁၂ပေရှိသော ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ရက်က အင်ဂျင်နီယာမှူး ဦးကျော်သူအောင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်စည်ပင်)

စဉ့်ကိုင်မြို့နယ်၌ ခေတ်သစ်လူငယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စဉ့်ကိုင် ဒီဇင်ဘာ ၁၅

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တဘက်ဆွဲအုပ်စု အနောက်ရွာသစ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် ခေတ်သစ်လူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

<ins>အဖွင့်အမှာစကား</ins>

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌ ဦးဘိုရွှေက အဖွင့်အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး၍ ကျေးရွာဥက္ကဋ္ဌ ဦးရာမော်က စာကြည့်တိုက် ရှေ့လုပ်ငန်းစဉ်များအကြောင်းနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

<ins>ဖဲကြိုးဖြတ်ဖွင့်လှစ်</ins>

ဆက်လက်၍ အနောက် ရွာသစ်ကျေးရွာ ခေတ်သစ်လူငယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး၊ အုပ်စုဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)

အုပ်စုလုံးကျွတ် ခိုင်မာစာကြည့်တိုက် ဖွင့်လှစ်ပြီးစီးမှု အရာတော်မြို့နယ် သလဲဘာကျေးရွာ၌ အောင်ပွဲကျင်းပ

မုံရွာ ဒီဇင်ဘာ ၁၅

မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာ၌ အုပ်စုလုံးကျွတ် ခိုင်မာစာကြည့်တိုက်ဖွင့်လှစ်ပြီးစီးမှု အောင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက်၁၀ နာရီက အဆိုပါကျေးရွာ အလင်းရောင်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်စုလုံးကျွတ် ခိုင်မာစာကြည့်တိုက် ဖွင့်လှစ်နိုင်မှု အောင်ပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကျော်စိန်လင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အောင်ပွဲအခမ်းအနားကို သလဲဘာကျေးရွာ အထကခွဲကျောင်းခန်းမ၌ ကျင်းပသည်။

<ins>ရှင်းလင်းဆွေးနွေး</ins>

အခမ်းအနားတွင် ဒုတိယရဲမှူးကျော်စိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။

<ins>ပေးအပ်လှူဒါန်း</ins>

ထို့နောက်ခရိုင်ဦးစီးအရာရှိဒေါ်သောင်းသောင်းဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးတင့်ဝေတို့က သလဲဘာကျေးရွာ၊ စပါးတွင်းကျေးရွာနှင့် ဆိတ်ဖုးကြီးကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းသည်။

<ins>ဖဲကြိုးဖြတ်ဖွင့်လှစ်</ins>

ထို့နောက် မွန်းလွဲ ၁နာရီတွင် ခရိုင်ဦးစီးအရာရှိနှင့် အဖွဲ့သည် မြေနက်အုပ်စု ယင်းမကန်ကျေးရွာရှိ ကြိုင်လှိုင်သင်း စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ကျေးရွာပြည်သူများအား စာကြည့်တိုက် ရေရှည်တည်တံ့ရေး သတ်မှတ် စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ



မှုခင်းသတင်း

မိတ္ထီလာတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

မိတ္ထီလာ ဒီဇင်ဘာ ၁၀

မိတ္ထီလာမြို့ ပြည်သာယာ(၅)လမ်းနေ စိုးပြည့်ဦး ၁၈နှစ်သည် နိုဝင်ဘာ ၁၃ရက် မွန်းလွဲပိုင်းတွင် နံပါတ်မပါ ဆိုင်ကယ်စီးကာ ပြည်သာယာမှ မြို့တွင်းသို့အသွား မိုင်တိုင် အမှတ် ၃၃၉ အနီး အရောက်၌ မြို့တွင်းမှ ပြည်သာယာသို့လာသော မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာနေ ဦးမောင်မောင် (အသက်၅၀)စီးလာသော နံပါတ်မပါကင်ဘိုအနက်ရောင်ဆိုင်ကယ်က ရှေ့မှမှန်လုံကားကို ကျော်တက်စဉ် စိုးပြည့်ဦး စီးလာသော ဆိုင်ကယ်နှင့်မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြသည်။

ဆိုင်ကယ်ချင်း တိုက်မိမှုကြောင့် စိုးပြည့်ဦး၊ ဦးမောင်မောင်နှင့် ဆိုင်ကယ်နောက်မှစီးလာသူ ဒေါ်စန်းနုတို့မှာ ဒဏ်ရာများ ရရှိမှုကြောင့် ဆေးစာဖြင့် အတွင်းလူနာအဖြစ် တင်ပို့ခဲ့ရသည်။ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ အမှတ်(၂)ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်မျိုးညွန့်က ရဲစခန်း(ပ)၂၆၀/၂၀၀၈၊ ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားသည်။ (၀၈၆)

မီးသွေးဖုတ်ရာမှမြေပြို လူနှစ်ဦးသေဆုံး

နွားထိုးကြီး ဒီဇင်ဘာ ၁၆

နွားထိုးကြီးမြို့နယ် စိန်ပန်းကျင်းရွာအရှေ့ဘက် တောထဲတွင် သစ်ငုတ်များ မီးသွေးဖုတ်ရာမှ မြေပြိုကျပြီး နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိမှုကို နိုဝင်ဘာ ၂၄ ရက်က ဖြစ်ပွားသည်။

သေဆုံးသူများမှာ စိန်ပန်းကျင်းရွာသားများဖြစ်ကြသော မောင်ဝင်း(ခ)ဝင်းအောင် (၃၅)နှစ်၊ မြတ်သူ(၂၃)နှစ်ဆိုသူတို့ ဖြစ်ကြပြီး လူတစ်ရပ်နက်သော မြေကျင်းအတွင်း သစ်ငုတ်များ တူးရာမှ မြေပြိုကျခြင်းဖြစ်သည်။ **(၀၉၂)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားရှိသည့် မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

စာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်း စာဆိုတော်နေ့ စာစီစာကုံးပြိုင်ပွဲ ကျောက်တံခါး၌ ဆုချီးမြှင့်

ကျောက်တံခါး ဒီဇင်ဘာ ၁၁

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူငွေ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာဆိုတော်နေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၈နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၂၅တိုက်သို့ အလှူရှင်များက စုစုပေါင်းအလှူငွေကျပ်၅၂သိန်းရှစ်သောင်း ပေးအပ်လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌက လက်ခံယူသည်။ **(ယာပုံ)**

ထို့နောက် ကျောက်တံခါးမြို့နယ် အသင်း(ရန်ကုန်)၊ မြို့နယ်ဌာနဆိုင်ရာနှင့် အလှူရှင်တို့က စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌများက လက်ခံယူကြသည်။

ဆက်လက်၍ ၂၀၀၈ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ ဆုရရှိသူများကို ပြိုင်ပွဲကျင်းပရေးကော်မတီက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဆင်ဆောင်ရွက်

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အုံးပင်ကျေးရွာ-အုံးပင်တံတား ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့ နိုဝင်ဘာ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းသန့်က ရှင်းလင်းပြသစဉ်။ (၁၁၆)

ဒိုက်ဦး၌ ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေးအလုပ်ရုံ ဆွေးနွေး

ဒိုက်ဦး ဒီဇင်ဘာ ၁၂

ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါ်အုန်းမြင့်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ရက်မှ ၃ရက်အထိ ပထမအကြိမ်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၄ရက်မှ ၆ရက်အထိ ဒုတိယအကြိမ်ကိုလည်းကောင်း နှစ်ကြိမ်ခွဲ၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း ၂၅ဦးစီ တက်ရောက်ကြသည်။ **(၁၇၈)**

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဆေးရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ပေါင် ဒီဇင်ဘာ ၁၂

ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်း ပေါင်မြို့၌ဖွင့်

ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက ပေါင်မြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်

အခမ်းအနားတွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဌေးအောင်၊ သထုံခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်တို့က အဖွင့်အမှာစကား ပြောကြားပြီး ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာခင်စုစုဟန်က သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄အုပ်စုတို့မှ ဆယ်အိမ်စုမှူးသင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသူ ၁၀၀တို့အတွက် သင်တန်းမှတ်စုစာအုပ်နှင့် စာရေးကိရိယာများကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြလင်းစိန်က ပေးအပ်သည်။

ဟောပြော

အဆိုပါသင်တန်းမှာ နှစ်ရက်ကြာမြင့်ပြီး သင်တန်းဖွင့်ပွဲနေ့တွင် သင်တန်းသူများအား မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဌေးအောင်က ကမ္ဘာ့ဆီးချို သွေးချိုရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ် ဆီးချို၊ သွေးချိုရောဂါပညာပေးဟောပြောခြင်းနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ ခင်ဇော်တို့က ကြက်ငှက်တုပ်ကွေးရောဂါသိကောင်းစရာများ ပညာပေးဟောပြောကြကြောင်း သိရသည်။ (၁၇၆)

လှည်းဆိပ်-တွန်ကတင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

တမူး ဒီဇင်ဘာ ၈

မြို့သစ်မြို့(တမူး) စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် လှည်းဆိပ်-တွန်ကတင်ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးမင်းစိုးနှင့် မြို့တာဝန်ခံ ဦးတင့်လွင်တို့ လုပ်ငန်းဆောင်ရွက်ရာသို့ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းကျော် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့မ(၃)ရပ်ကွက် လမ်းမကြီး(၂)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်လှဲ့လှဲ့နိုင်က လုပ်ငန်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အကြိမ်(၇၀)မြောက် သွေးလှူဒါန်း

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ရန်ကုန် ဒီဇင်ဘာ ၁၇

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ဒုတိယဓာတ်ခွဲခန်းမှူး၊ လူမှုထူးချွန်(ဒုတိယဆင့်) ဦးသန်းဝင်းသည် ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် ဒီဇင်ဘာ ၈ရက်က အကြိမ်(၇၀)မြောက်သွေးလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

မိုးမိတ်မြို့ အထက်တန်းကျောင်းတွင် စာဖတ်သူတိုးပွားရေး ဟောပြော

မိုးမိတ် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာဖတ်သူ တိုးပွားရေးအတွက် ရည်မှန်းချက်ရှိရမည် ဟောပြောပွဲကို နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမောင်က ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

မှာကြား

ထို့နောက် နိဂုံးချုပ်အနေဖြင့် ကျောင်းအုပ်ဆရာမကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အမှတ်များများဖြင့် အောင်မြင်အောင် ရည်မှန်းချက်ကြီးကြီးထားရှိပြီး ကြိုးစားသွားကြရန် မှာကြားသည်။**(ဝဲပုံ)**

တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူ ၁၇၅ဦး၊ ကျောင်းမှ ဆရာ ဆရာမများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၁၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့၌ ပရင်တာနှင့် ရေဒီယိုလှူဒါန်း

မတ္တရာ ဒီဇင်ဘာ ၁၀

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကွန်ပျူတာ၊ မိတ္တူနှင့် ပုံနှိပ်လုပ်ငန်းရှင်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပရင်တာနှင့် ရေဒီယိုလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်အဖွဲ့ဝင်တို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်သွင်က ပရင်တာနှင့် ရေဒီယိုလှူဒါန်းသည့် ကွန်ပျူတာ၊ မိတ္တူနှင့် ပုံနှိပ်လုပ်ငန်းရှင်များအားကျေးဇူးတင်စကားပြောကြားသည်။

လက်ခံယူ

ထို့နောက် ကွန်ပျူတာ၊ မိတ္တူနှင့် ပုံနှိပ်လုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးချစ်ခက ပရင်တာတစ်လုံးနှင့် ရေဒီယိုသုံးလုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၅၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်း တို့နှင့်အတူ ဒီဇင်ဘာ၁၅ရက်တွင် ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်ရှိ ဘုရားပေါ် ဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဝင်းက ဘူတာယာဒ်ဝင်းတည်ဆောက်မှု၊ ခရီးသည်နားနေဆောင်၊ ပါဆယ်ဂိုဒေါင် ဆောက်လုပ် နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ ■

မီးလောင်မှုဖြစ်ပွားစဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ဤသို့ လေ့ကျင့်ကြရသည်။ (မြန်မာ့အလင်း)

လူ၏ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု အများဆုံးဖြစ် အစဉ်သတိရှိစွာဖြင့် အသုံးပြုကြရန် လိုအပ်နေ

အမေး/အရေး-မောင်ချစ်ကြည် ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၇

မကြာမီကာလ၌ နွေရာသီ ရောက်တော့မည်။ ခြောက်သွေ့သောရာသီ၌ မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားတတ်ရာ မီးဘေးအန္တရာယ်သတိပြုရေး အရေးကြီးလာသည်။ ရာသီမရွေး၊ အချိန်အခါမရွေး မီးလောင်ကျွမ်းမှုဖြစ်ပေါ်တတ်လေ့ ရှိသော်လည်း ခြောက်သွေ့သောရာသီ၌ အဖြစ်များတတ်သဖြင့် ပြည်သူများ မီးကို အထူးဂရုစိုက် သုံးစွဲရန် လိုအပ်လေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ဘာသာပြန်မှတ်စု
မောင်မောင်မြင့်ဆွေ

ကော်ဖီမှုန့်မှ ဇီဝဒီဇယ် ထုတ်ယူနိုင်ပြီ

ရေနံစွမ်းအင်အစားထိုး ဇီဝဒီဇယ်လောင်စာဆီများကို ကမ္ဘာ့နိုင်ငံအချို့တွင် စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အချို့နိုင်ငံများ၌ သုံးစွဲနေကြပြီဖြစ်သည်။ ဇီဝဒီဇယ်ကို သကြား၊ ပြောင်း စသည့် စက်မှုကုန်ကြမ်းသီးနှံများမှတစ်ဆင့် ထုတ်ယူလျက်ရှိနေရာ ယခုအခါ အမေရိကန်သုတေသန ပညာရှင်များက ကော်ဖီမှုန့်မှ ဒီဇယ်ထုတ်ယူနိုင်တော့မည် ဖြစ်ကြောင်း ဒီဇင်ဘာ၁၆ရက်က သတင်းထုတ်ပြန်လိုက်သည်။

တွေ့ရှိနေ

အမေရိကန်နိုင်ငံ နီဗားဒါး တက္ကသိုလ်မှ သုတေသနပညာရှင် မာနိုမစ်ရာ ဦးဆောင်သောအဖွဲ့က စမ်းသပ်သုတေသနပြုခဲ့ရာ၌ ကော်ဖီမှ

စာမျက်နှာ ၈ ကော်လံ ၁ ❒

ဇီဝဒီဇယ်ထုတ်ယူနိုင်သည့် ကော်ဖီစေ့များ။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ပြောရရင် အရှေ့တောင်အာရှတစ်ခုလုံး အတော်လေးကို ထိခိုက် သက်ရောက်မှုတွေ ရှိခဲ့ပေမယ့် ကျွန်တော်တို့နိုင်ငံမှာတော့ ကြီးကြီးမားမားပြဿနာ မရှိခဲ့ပါဘူး။ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးကို တည်ငြိမ်အောင် ထိန်းချုပ်နိုင်ခဲ့သလို အချိန်တန်တော့လည်း သက်သောင့်သက်သာနဲ့ အခက်အခဲမရှိ ကျော်လွှားနိုင်ခဲ့တာပါပဲ။ အခြေခံလိုအပ်ချက်တွေ ကိုယ့်ပြည်တွင်းမှာ ရှိပြီးသား၊ တည်ဆောက်ပြီးသား၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် သူတစ်ပါးအပေါ် မှီခိုရပ်တည်နေတဲ့ နိုင်ငံတွေထက်တော့ ပိုပြီး အခြေခိုင်မယ်ဆိုတာ အားလုံးနားလည်ပြီး ဖြစ်ပါလိမ့်မယ်။

ကျော်ရဲမင်း၏ ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြုံးပျက်ဖို့ မလိုပေါင်(၂) ဆောင်းပါး (စာ ၁၀-၁၁)

ယနေ့ မီးဘေး ကြိုတင်ကာကွယ်ရေးသည် နက်ဖြန် မီးဘေး လုံခြုံရေးဖြစ်သည်

လူမှုစီးပွားဘဝ မြင့်မားလာရန် ဆောင်ရွက်ပေးသည့် နိုင်ငံ့အင်အား စစ်တောင်းတံတား (မုပ္ပလင်)



ရန်ကုန် ဒီဇင်ဘာ ၁၇

"မြစ်ကိုမြင်လျှင် တံတားဆင်မည်၊ ပြည်ခွင်သာဖို့၊ လမ်းခင်းစို့"ဟူသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဆောင်ပုဒ်နှင့်အညီ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအဝန်း တံတားကြီး၊ တံတားလတ်၊ တံတားငယ်များ တည်ဆောက်ခဲ့ရာတွင် ၂၀၀၈ခုနှစ် ဇူလိုင်၁၂ရက်က စစ်တောင်းတံတား(မုပ္ပလင်)ကို တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု-ဇော်ထွန်းဦး(မြန်မာ့အလင်း)